# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 8 November 2022 ၁၀၉၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များထဲမှ တန်ဆောင်မုန်းလပြည့် သာမညဖလပွဲတော်နေ့ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းတစ်ရပ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✽**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။**

## ယနေ့ ဖတ်စရာ


**အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများ သတိပြုဆင်ခြင်**

ဆောင်းပါး စာမျက်နှာ » ၆

**(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပ**

စာမျက်နှာ » ၇



**အိမ်ခြံမြေပညာပေးသင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ စဉ်ဆက်မပြတ် အခမဲ့ဖွင့်လှစ် ပို့ချပေးသွားမည်**

စာမျက်နှာ » ၁၄

# စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ငြိမ်းချမ်းသာယာမှုကို ဖော်ဆောင်

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များသည် မြန်မာနိုင်ငံအတွက် အရေးပါပြီး ထူးခြားသောနှစ်များဖြစ်သည်။ ၂၀၂၂ ခုနှစ် ပြည်ထောင်စုနေ့သည် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဖြစ်၍ ထူးခြားသည့် ပြည်ထောင်စုနေ့အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်၍ ယခင်နှစ်များနှင့်မတူ တစ်မူထူးကဲစွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ပြည်ထောင်စုနေ့နှင့် လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ အထိမ်းအမှတ်နေ့များတွင် ထူးကဲမွန်မြတ်ပြီး အထူးခြားဆုံး ဝိသေသလက္ခဏာများကို ဆောင်ကြဉ်းသည့် နေ့ရက်များဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က တိုင်းပြည်လွတ်လပ်ရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းခဲ့ကြသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာ စိုက်ထူပြီး တစ်နိုင်ငံလုံး လုံးဝလွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ကြောင်း သက်သေထူပြနိုင်ခဲ့သည်။

ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ထူးခြားသည့် ဝိသေသလက္ခဏာဆောင်ကြဉ်းသည့် စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ စည်းလုံးညီညွတ်မှုကို မြဲမြံခိုင်ကျည်အောင် တည်ဆောက်ပြီး တိုင်းရင်းသားပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်မာစွာထွန်းကားရေး၊ လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တည်ငြိမ်အေးချမ်း သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တင့်တယ်စွာရပ်တည်နိုင်ရေးတို့ကို အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်။

အထူးသဖြင့် ငြိမ်းချမ်းရေးသည် အရေးကြီးသဖြင့် "နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အကျိုးစီးပွားကို ရှေးရှု၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးလျှောက်လှမ်းကြရမည်ဖြစ်ပါသည်" ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် အသိပေးပြောကြားထားသည်။

မျက်မှောက်ကာလတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော မငြိမ်းချမ်းသည့် ဆိုးမွေကို ချေဖျက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်မှုသည် အခြေခံကျသည့်အချက်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မပျက်ယွင်းအောင်၊ မြဲမြံခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့သော် ပြည်တွင်း/ပြည်ပ အမျိုးသားသစ္စာဖောက်များနှင့် အဖျက်အန္တရာယ်များသည် လွတ်လပ်ရေးနှင့်အတူ ယနေ့ထက်တိုင် ပူးကပ်လိုက်ပါလာပြီး တိုင်းပြည်ပြိုကွဲပျက်စီးစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် စွက်ဖက်မှုကင်းစွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံအကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း လုပ်ကိုင်နေကြသည့် ပြည်တွင်း/ပြည်ပ အဖျက်အန္တရာယ်ကို သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်ထောင်စုဖွားအားလုံး တန်းတူညီမျှအတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးလာစေရန် မျက်ခြည်မပြတ်ဆောင်ရွက်နေသည်။ ယင်းကို မလိုလားသည့် အဖျက်အမှောင့် အကြမ်းဖက်အဖျက်သမားများက သွေးထိုးလှုံ့ဆော်မှု၊ တိုက်ခိုက်ဖျက်ဆီးမှုများကို လုပ်ကိုင်လျက်ရှိရာ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လက်တွဲတွန်းလှန်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ကာ အေးချမ်းသာယာဝပြောပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် ဖော်ဆောင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား



သထုံ နိုဝင်ဘာ ၇

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင် လေးဆူဓာတ်စံရွှေစာရံ စေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

စေတီတော်မြတ်ကြီးမှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိပြီး မြို့၏အထင်ကရစေတီလည်း ဖြစ်သည့်အလျောက် ယခုကဲ့သို့ ဝါလကင်းလွတ်ကာလတွင် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသောကြောင့် အထူးစည်ကားပြီး ဘုရားဖူးပြည်သူများ အေးချမ်းသာယာစွာ ဖူးမြော်ကုသိုလ်ယူနိုင်ရေးအတွက် စီမံထားကြောင်း စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သမိုင်းမှတ်တမ်းများအရ သထုံရွှေစာရံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သူရိယစန္ဒာမင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသန်ဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော်လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်းပူဇော်ထားသောကြောင့် လေးဆူဓာတ်စံရွှေစာရံစေတီဟူ၍ အနယ်နယ်အရပ်ရပ်၌ ထင်ရှားကျော်ကြားသော စေတီတစ်ဆူဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် သာမညဖလအခါတော်နေ့ ဖြစ်သည့်အလျောက် ရွှေစာရံစေတီတော်အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်များ၌ တရားသဘင်ဆင်ယင် ကျင်းပခြင်း၊ ဘုရားရှင်အား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

နဒီ(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းအိုးမျှောကပ်လှူပွဲနှင့် စတုဒိသာများ ကျွေးမွေး

မော်လမြိုင် နိုဝင်ဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အတွင်းရှိ တန်ခိုးကြီးဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဝါလကင်းလွတ် သီတင်းကျွတ်မီးထွန်းပွဲတော်အပါအဝင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) မတိုင်မီ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ နံနက်အရုဏ်တက်ချိန် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းအိုးမျှောကပ်လှူပူဇော်ခြင်းနှင့် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် အခါကြီး ရက်ကြီးတွင် ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများ အာဟာရဒါန စတုဒိသာများဖြင့် ရပ်ကွက်နှင့် ကျေးရွာလမ်းများတွင် ဧည့်ခံကျွေးမွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။



ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန်ရည်ရွယ်၍ တန်ခိုးကြီးဘုရားများ ဖြစ်သည့် ကျိုက်သလွံစေတီတော်၊ ဦးဇိနစေတီတော်၊ မဟာမြတ်မုနိဘုရားအပါအဝင် အစရှိသည့် ဘုရားပုထိုးစေတီများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရား ပွားများနာယူလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။



ပဲခူးမြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲနေကြသူများကို တွေ့ရစဉ်။

* ရှေ့ဖုံးမှ

ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ယနေ့ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။ အလားတူ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။ ထိုသို့ တန်ဆောင်တိုင်ပွဲတော် ဆင်နွှဲနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**စည်ကား**

ထို့အတူ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများ၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီကျင်းပပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက် ထွန်းညှိပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ FIREWORK အမျိုးအစား မီးရှူးမီးပန်းများ တန်ဆောင်တိုင်ကာလ အခါသမယအဖြစ် ပစ်ဖောက်ပူဇော်ခဲ့ရာ အများပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုစဉ်။

များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့်တန်ဆောင်တိုင်ညဈေးရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လည်ပတ် ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။ အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူး စည်ကားလျက်ရှိသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌လည်း FIREWORK အမျိုးအစား မီးရှူးမီးပန်းများကို တန်ဆောင်တိုင်ကာလ အခါသမယအဖြစ် ပစ်ဖောက်ပူဇော်ခဲ့ရာ အများပြည်သူများ အနေဖြင့် စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့ကြကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို နိုင်ငံတစ်ဝန်းလုံးတွင် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားသည်ကို တွေ့ရစဉ်။



မန္တလေးမြို့ ရတနာပုံဥယျာဉ်အတွင်း၌ ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားသည်ကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ဖွဲ့နေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ကျောဖုံးမှ

ကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစားထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က (၇၅)နှစ်မြောက်စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅)နှစ်မြောက် စိန်ရတုထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ဖွဲ့နေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က (၇၅)နှစ်မြောက်စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅)နှစ်မြောက်ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်နှင့်အတူ ဖွဲ့စည်းပေါ်ထွန်းလာခဲ့ပြီး သမိုင်းအစဉ်အလာကောင်းများစွာရှိသည့် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့ အခမ်းအနားဖြစ်ကြောင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ အနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခေတ်အဆက်ဆက်တွင်လည်း အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅)နှစ်မြောက်စိန်ရတုတိုင်အောင် ရောက်ရှိခဲ့ပြီဖြစ်၍ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့အတွက် အလွန်ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ဖက်ဆစ်ဆန့်ကျင်ရေးသမိုင်းတစ်လျှောက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)နှင့်အတူ ထက်ကြပ်မကွာကြီးပြင်းခဲ့သည့် တပ်ဖွဲ့တစ်ခုပင်ဖြစ်ကြောင်း၊ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် (BIA)ကို ဖျက်သိမ်းခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)ကို ဌာနရှစ်ခုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းဌာနများတွင် **“ရိက္ခာထောက်ပံ့ရေးဌာန”** တစ်ခုလည်း ပါဝင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၃ ခုနှစ်တွင် မော်တော်ယာဉ်တပ်ခွဲ တစ်ခွဲနှင့် ၁၉၄၄ ခုနှစ်တွင် အနောက်မြောက်တိုင်းထောက်ပံ့ရေးတပ်၊ အနောက်တိုင်းထောက်ပံ့ရေးတပ်နှင့် ရန်ကုန်ထောက်ပံ့ရေးတပ်များကိုဆက်လက် ဖွဲ့စည်းဖွင့်လှစ်ခဲ့ကြောင်း။

တပ်မတော်အတွက်လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၁၉၄၇ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် **“ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး”** ကို ရန်ကုန်မြို့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြောင်း၊ ထို့ကဲ့သို့ မြန်မာ့တပ်မတော်၏ အရေးကြီးသော တပ်ဖွဲ့တစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့သည့် နိုဝင်ဘာ ၇ ရက်ကို **“ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့”** အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့်လည်း ယနေ့ဆိုလျှင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ ဖွဲ့စည်းတည်ထောင်မှုသည် နှစ်ပေါင်း(၇၅)နှစ်တင်းတင်းပြည့်ပြီး မြန်မာ့တပ်မတော်နှင့် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့အတွက် ထူးခြားလေးနက်သည့် သမိုင်းမှတ်တိုင်နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့သည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၉-၁၉၅၀ ပြည့်နှစ် ရောင်စုံသောင်းကျန်းမှု ထူပြောနေသည့်အချိန်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၊ ၁၉၅၃ ခုနှစ် တရုတ်ဖြူ ကျူးကျော်မှုများကို ချေမှုန်းခဲ့သည့် နဂါးနိုင်စစ်ဆင်ရေး၊ ၁၉၅၅ ခုနှစ် လွယ်လန်းဒေသတွင် ပြုလုပ်ခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေး၊ ၁၉၆၁ ခုနှစ် ကျိုင်းတုံ/ကျိုင်းလတ်ဒေသတွင် ပြုလုပ်ခဲ့သည့် မဲခေါင်စစ်ဆင်ရေး၊ ၁၉၆၉ ခုနှစ် ကုန်းကြမ်းဒေသ စစ်ဆင်ရေးများအပါအဝင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ခဲ့ရသည့် စစ်ဆင်ရေးများတွင်လည်း တပ်ဖွဲ့ဝင်များအနေဖြင့် စားနပ်ရိက္ခာပစ္စည်းများနှင့် ခဲယမ်းမီးကျောက် သယ်ယူပို့ဆောင်ရေးတာဝန်များ၊ လေကြောင်းမှ ရိက္ခာခဲယမ်း ထောက်ပံ့ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြမှုကို တပ်မတော်၏ သမိုင်းမှတ်တမ်းများတွင် တွေ့ရှိကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ၂၀၁၂ ခုနှစ် နောက်ပိုင်းဖြစ်ပွားခဲ့သည့် လောက်ကိုင်ဒေသ၊ မုံးကိုးဒေသ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး စစ်ဆင်ရေးများတွင် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဝင်ခဲ့ရသည့် ဖြစ်စဉ်များတွင် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များသည် အထက်ကပေးအပ်ခဲ့သည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း၊ မိမိ၏ အသက်အန္တရာယ်ကို ပဓာနမထားဘဲ ယခုလိုတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသဖြင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များထဲမှ တပ်သားသီဟသူရတင်ညွှန့်ကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးရရှိခဲ့သူအပြင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိကြရမည်ဖြစ်ကြောင်း။

**ပြင်ဆင်တိုးချဲ့ဖွဲ့စည်း**

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလ တွင် စတင်ဖွဲ့စည်းခဲ့စဉ်က ထောက်ပံ့ရေးတပ်ခွဲ တစ်ခွဲနှင့် တပ်စု သုံးစု၊ ပို့ဆောင်ရေးတပ်ခွဲ သုံးခွဲနှင့်သာ စတင်ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်းလာမှုများအရ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို အင်ပြည့်အားပြည့် ထမ်းဆောင်နိုင်စေရေးအတွက် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမှုများကို ဆောင်ရွက်ခဲ့ကြောင်း။

ယင်းသို့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမှုများကြောင့် လက်ရှိအချိန်တွင် ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်၊ ရှေ့တန်းအခြေချထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း/တပ်ခွဲများ၊ မော်တော်ယာဉ်တပ်ရင်း၊ ဝန်တင်တပ်ရင်းများနှင့် သင်တန်းကျောင်းများအပြင် ထောက်ပံ့နှင့်ပို့ဆောင်ရေးစခန်းနှင့် ရိက္ခာဝေစခန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် ထိရောက်သည့် ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေနိုင်ပြီဖြစ်ကြောင်း၊ ထူးခြားမှုတစ်ခုအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားများနှင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဂုဏ်ပြုမြင်းစီးတပ်ခွဲ တစ်ခွဲကိုလည်း ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှစတင်၍ နှစ်စဉ်ပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် **“ရိက္ခာ စက်သုံးဆီထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်တင်တိရစ္ဆာန်မွေးမြူဖြည့်တင်းရေးနှင့် ဆေးကုသရေး”** တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ **“ရိက္ခာ/ စက်သုံးဆီထောက်ပံ့ရေး”** အပိုင်းတွင်လည်း တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီနှင့် စက်ဆီ၊ ချောဆီများကို ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ **“ကောင်းမွန်ရမည်၊ ပြည့်ဝရမည်၊**

**စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

**အချိန်မီပို့ဆောင်ရမည်”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရိက္ခာပစ္စည်းများကို ကောင်းမွန်စွာ အပြည့်အဝဖြင့် အချိန်မီပြန်လည်ထုတ်ပေးနိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ရိက္ခာများထုတ်ပေးရာတွင်လည်း ပြင်ပကသာ ဝယ်ယူဖြည့်တင်းထောက်ပံ့သည့်စနစ်မှ ကိုယ်တိုင်ထုတ်လုပ်ဖြည့်တင်းထောက်ပံ့သည့်စနစ်ကို ဦးတည်ဆောင်ရွက်ခဲ့ရာ ၁၉၉၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကာလအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ စက်ရုံအချို့ကို လွှဲပြောင်းလက်ခံခဲ့ပြီး တပ်မတော်အတွက် လိုအပ်သည့်ရိက္ခာများကို ကိုယ်တိုင်ထုတ်လုပ်မှုဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

### ထုတ်လုပ်ပေးနေ

လက်ရှိအချိန်တွင် တပ်မတော်လက်ဖက်ခြောက်စက်ရုံ(နမ့်ဆန်)နှင့် (သံတောင်)၊ တပ်မတော်စည်သွတ်စက်ရုံ(သံတွဲ)၊ တပ်မတော်ပုစွန်ငါးပိငံပြာရည်ကြိတ်ခွဲစက်ရုံ(ရန်ကုန်)၊ တပ်မတော်ဘီစကွတ်နှင့်ခေါက်ဆွဲစက်ရုံ(မှော်ဘီ)နှင့် တပ်မတော်ဂျုံစက်ရုံ(ညြဘာ)တို့မှ တပ်မတော်အတွက်လိုအပ်သည့်ရိက္ခာအမယ်များကို ထုတ်လုပ်ပေးနေသည့်အပြင် တပ်မတော်ဘီစကွတ်နှင့်ခေါက်ဆွဲစက်ရုံ(မှော်ဘီ)တွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့်စစ်သည်များ အသင့်လွယ်ကူစွာ စားသုံးနိုင်ရန် အသင့်စားရိက္ခာ (Meal Ready to Eat Factory) စက်ရုံကို ၂၀၁၈ ခုနှစ်တွင် ထပ်မံတည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အသင့်စားရိက္ခာထုပ် ခြောက်မျိုးကို ထုတ်လုပ်ပြီး လိုအပ်သည့် စစ်ဆင်ရေးနယ်မြေဒေသအသီးသီးသို့ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင်ရှိသည့် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းများမှတစ်ဆင့် တပ်မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်သာသည့်ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာတွင် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လက်ဖက်ခြောက်၊ အချိုခြောက်၊ စည်သွတ်ဘူးမျိုးစုံ၊ ငါးပိ/ငံပြာရည် မျိုးစုံ၊ ဘီစကွတ်နှင့်ခေါက်ဆွဲမျိုးစုံ စုစုပေါင်းငွေကျပ်သန်း ၆၆၀၀ ဖိုးခန့်အထိ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ခေတ်မီယာဉ်များအသုံးပြု

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ အဓိကလုပ်ငန်း တာဝန်တစ်ခုဖြစ်သည့် **“သယ်ယူပို့ဆောင်ရေး”** ရည်မှန်းချက်တာဝန်ကို ယခင်က စစ်ကျန်ခေတ်ယာဉ်များဖြစ်သည့် အင်္ဂလိပ်၊ အမေရိကန်ခေတ်မှ ယာဉ်များ၊ ဂျပန်နိုင်ငံထုတ် တီအီးမော်တော်ယာဉ်များဖြင့်သာ ပို့ဆောင်ပေးခဲ့ရာမှ မျက်မှောက်ခေတ်ကာလတွင် အီဆူဇူးဒီမတ်၊ တာတာ၊ စီနိုထရပ်၊ မစ်ထရပ်၊ ထရန်စပိုတာဟိုက်ဘတ်စသည့် ခေတ်မီယာဉ်များကို အသုံးပြုပြီး တပ်မတော်တစ်ရပ်လုံး၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ၊ စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့များအတွက် သယ်ယူပို့ဆောင်ရေးတာဝန်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးသို့ ရိက္ခာပစ္စည်းစုပုံရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်ပြည့်အားပြည့် ပို့ဆောင်ပေးနေခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ကြီးမှူးကျင်းပသည့် အခမ်းအနားများတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ အဓိကလုပ်ငန်းများထဲတွင် **“ဝန်တင်တိရစ္ဆာန်မွေးမြူဖြည့်တင်းရေးနှင့် ဆေးကုသရေး”** သည်လည်း အဓိကကျသည့် လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ပါဝင်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအနေအထားအရ မော်တော်ယာဉ်၊ လေကြောင်းနှင့်ရေကြောင်းမှ ပို့ဆောင်နိုင်မှုမရှိသေးသည့် အချို့သောစစ်ဆင်ရေးနယ်မြေဒေသများကို စားနပ်ရိက္ခာ၊ ခဲယမ်းနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ပို့ဆောင်ရာတွင် ဝန်တင်တိရစ္ဆာန်များကို အဓိကအားထားပြီး ပို့ဆောင်နေရဆဲဖြစ်ကြောင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၇ ခုနှစ်တွင် ဝန်တင်ပို့ဆောင်မှုအတွက် ဝန်တင်လား အကောင် ၃၀ နှင့်သာ စတင်ဖွဲ့စည်းဆောင်ရွက်နိုင်သော်လည်း လက်ရှိတွင် ဝန်တင်တပ်ရင်း ငါးရင်းအထိ တိုးချဲ့ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်များ၏ လိုအပ်သည့်နေရာဒေသများအထိ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်နေပြီဖြစ်ကြောင်း။

### သင်ကြားပေးလျက်ရှိ

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သက်ဆိုင်ရာပညာရပ်နယ်ပယ်များတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် ထောက်ပံ့နှင့် ပို့ဆောင်ရေးသင်တန်းကျောင်းနှစ်ကျောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်း၊ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်များတွင် လိုအပ်သည့်သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ဖြတ်သန်းခဲ့ရသည့် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ သမိုင်းတစ်လျှောက် အဓိကကျသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့မှုအနေဖြင့် ၂၀၀၈ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများအတွက် လိုအပ်သည့် စားနပ်ရိက္ခာနှင့် အထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် တပ်ဖွဲ့ရှိ အရာရှိ/စစ်သည်များကို ထုတ်နုတ်၍ ယာဉ်စီးရေ ၈၀၀ ကျော်နှင့် ပါဝင်ကူညီဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ရေကြီး/ရေလျှံမှုဖြစ်စဉ်များ၊ ၂၀၁၅ ခုနှစ် တာလေဒေသတွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှု၊ ကူညီကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမှု၊ ထိခိုက်ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ပေးမှုများကို တပ်ဖွဲ့ရှိ အရာရှိ/စစ်သည်များက ယာဉ်စီးရေ ၇၀၀ ကျော်ဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့အပြင် တစ်ကမ္ဘာလုံး ကပ်ရောဂါအသွင်ကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မာပြည်တွင် ဖြစ်ပွားမှုမြင့်တက်ခဲ့သည့် ကာလအတွင်းတွင်လည်း ဆေးရုံသုံးပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်စီးရေ ၅၀၀ ကျော်ဖြင့် အချိန်မီပို့ဆောင်ပေးနိုင်ခဲ့သည့်အပြင် ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် နေရပ်ပြန်ပြည်သူများကိုလည်း သက်ဆိုင်ရာနေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် တက်ရောက်ကုသခဲ့ကြရသည့်လူနာများကို တပ်ဖွဲ့ရှိ အရာရှိ/စစ်သည်များ ထုတ်နုတ်ပြီး ချက်ပြုတ်ကျွေးမွေးရေးတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဒေသခံပြည်သူလူထုများ ဘေးဒုက္ခအန္တရာယ်၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်များတွင်လည်း ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ထိထိရောက်ရောက် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရမည်ဖြစ်ကြောင်း။

### ချီးမြှင့်ခြင်းခံခဲ့ရ

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၏ ဖြတ်သန်းခဲ့ရသည့် (၇၅)နှစ်တာ စိန်ရတုကာလအတွင်းတွင် နိုင်ငံတော်အတွက် ထူးကဲစွာ အကျိုးဆောင်ခဲ့ကြသူများကို ချီးမြှင့်သည့် စည်သူဘွဲ့၊ ဇာနည်ဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့များကို ၁၃ ဦးတိတိ ချီးမြှင့်ခြင်းခံခဲ့ရသလို တပ်မတော်တွင် သူရသတ္တိပြောင်မြောက်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအတွက် သီဟသူရဘွဲ့ တစ်ဦး၊ သူရဘွဲ့ သုံးဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ကိုးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၂၀ ကို အသီးသီးဂုဏ်ပြုချီးမြှင့်ခံခဲ့ရပြီး စစ်စည်းကမ်းကောင်းမွန်စွာနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှုကြောင့်လည်း တပ်မတော်၏ ရွှေရတုတံဆိပ်ရရှိခဲ့သူ ၁၁၆၇ ဦးနှင့် စိန်ရတုတံဆိပ်ရရှိခဲ့သူ ၂၆၈၃ ဦးရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်နှင့် ပြည်သူ့သားကောင်း တံဆိပ်ရရှိသူများအပါအဝင် စုစုပေါင်း အရာရှိ၊ စစ်သည် ၃၉၃၂ ဦး အထိ ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်ကို တွေ့ရှိရသည့်အတွက် ၎င်းအရာရှိ၊ စစ်သည်များ၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများအတွက်လည်း မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေး ကြိုးပမ်းမှုကာလကပင် တပ်မတော်နှင့် အတူ ပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုဖြစ်သည်နှင့်အညီ ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့် လူမျိုး၏ အကျိုး၊ တပ်မတော်၏ အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သလို တပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်များနှင့် အထက်ကပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းရွက်နိုင်ခဲ့ကြသည်ကို ကြိမ်ဖန်များစွာ သက်သေပြခဲ့ပြီးဖြစ်ကြောင်း၊ နောင်လာမည့် အနာဂတ်တွင်လည်း နိုင်ငံတော်နှင့်တပ်မတော်၏ ရည်မှန်းချက်တာဝန်များကို တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံးက ဆက်လက်အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၏ စိန်ရတုနေ့ အထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အစွန့်ရှည်တည်တံ့ပါစေရန် ဆုမွန်ကောင်းပို့သပါကြောင်း ပြောကြားသည်။

ယင်းနောက် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက်စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစားထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများ သတိပြုဆင်ခြင်

**– – – မျိုးမြတ်မိုး (MANA) – – –**

မြန်မာနိုင်ငံသည် လူသုံးကုန်၊ စားသောက်ကုန်မျိုးစုံကို ပြည်တွင်း ပြည်ပ နေရာအသီးသီးမှ ဝယ်ယူသုံးစွဲနေရသည့် နိုင်ငံဖြစ်သည်။ အလှကုန်ပစ္စည်း၊ တစ်ကိုယ်ရေအသုံးဆောင်ပစ္စည်း၊ ကလေးသုံးပစ္စည်းအမျိုးမျိုးကို အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းနေရသည်။ တာဝန်ရှိသူများက ဈေးကွက်အတွင်းစစ်ဆေးသည့် အကြိမ်တိုင်းတွင် အလှကုန်ပစ္စည်းအတုများ၊ သက်တမ်းလွန် စစ်ဆေးတွေ့ရှိရလေ့ရှိသည်။ သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာက အများပြည်သူတို့သိရှိနိုင်ရန် အခါအားလျော်စွာ ကြေညာပေးလျက်ရှိသော်လည်း ယင်းကုန်ပစ္စည်းများကြောင့် နစ်နာမှုရှိခဲ့သူများအတွက် မည်သူက တာဝန်ယူမည်နည်း၊ ဈေးကွက်အတွင်းရှိ မည်သည့်ပစ္စည်းများကို ယုံကြည်စွာသုံးစွဲနိုင်မည်နည်းဟူသည့် မေးခွန်းများအတွက် လုံလောက်သည့်အဖြေမရှိသေးပေ။

စားသုံးသူဟူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲရန်ဖြစ်စေ၊ အခြားသူတစ်ဦးဦးအတွက် ရည်ရွယ်၍ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်းပြုသူဖြစ်စေ ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများ၏ အရည်အသွေးညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများအတွက် ပြန်လည်ကုစားနိုင်မည့်အရေးကို အလေးအနက်ထား လုပ်ဆောင်ပေးရန်လိုအပ်သည်။

**တားမြစ်ဓာတုပစ္စည်းများ**

ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အလှကုန်ပစ္စည်းခုနစ်မျိုးသည် မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က မတ်လ ၉ ရက်နေ့တွင် အသိပေးနှိုးဆော်ချက် ထုတ်ပြန်ခဲ့သည်။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူ အနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ကြောင်းကိုလည်း ဆက်လက်ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အများပြည်သူတို့အနေဖြင့် မကြာခဏ ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်မှာ ယုံကြည်စိတ်ချစွာ မသုံးစွဲနိုင်သည့် အလှကုန်ပစ္စည်းများကိစ္စဖြစ်သည်။ တာဝန်ရှိသူများက ဈေးကွက်အတွင်း စစ်ဆေးသည့်အခါတိုင်းတွင် တရားမဝင်အလှကုန်ပစ္စည်းများ၊ တားမြစ်ဓာတုပစ္စည်းများပါဝင်သည့် အလှကုန်များ၊ အလှကုန်အတုများ၊ အရည်အသွေးမပြည့်ဝသည့် အလှကုန်များ၊ သက်တမ်းလွန်အလှကုန်များကို မကြာခဏ စစ်ဆေးတွေ့ရှိရလေ့ရှိသည်။ သက်ဆိုင်ရာကလည်း တွေ့ရှိရမှုအပေါ်အခြေခံကာ သုံးစွဲရန်မသင့်သည့် အလှကုန်အဖြစ် ထုတ်ပြန်ကြေညာ၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း သတိပေးလေ့ရှိသည်။ အရေးယူနိုင်မှုအားနည်းလေ့ရှိရာ သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများ ဈေးကွက်အတွင်း စီးဆင်းမှုချောမွေ့စေရန် ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။ သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများစာရင်း၌ ပါဝင်လေ့ရှိသည်မှာ မိတ်ကပ်၊ အသားဖြူမျက်နှာလိမ်းဆေး၊ မျက်နှာပေါင်းတင်ခရင်မ်နှင့် နှုတ်ခမ်းဆိုးဆေးများဖြစ်ပြီး တရုတ်၊ ထိုင်ဝမ်နှင့် ထိုင်းထုတ် အလှကုန်ပစ္စည်းက အများစုဖြစ်သည်။

အလှကုန်ပစ္စည်းများသည် တရားဝင်တင်သွင်းထားသည့်ပစ္စည်းများဖြစ်သည်။ သက်တမ်းကုန်ဆုံးသော်လည်း ပြန်လည်အသုံးမချနိုင်စေရန် ဖျက်ဆီးခြင်းမပြုသဖြင့် ဈေးကွက်အတွင်း ပြန်လည်စီးဝင်ကာ အထူးလျှော့ဈေးဖြင့် ရောင်းချလေ့ရှိသည်။ အလှကုန်ပစ္စည်း အတုဈေးကွက်သည် ကမ္ဘာတစ်ဝန်းတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် လုပ်ငန်းဖြစ်သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၏ အစီရင်ခံစာတစ်စောင်အရ Amazon ကဲ့သို့သော e-commerce ပလက်ဖောင်းများတွင် ရောင်းချမှုမြင့်တက်လာခြင်းကြောင့် ဇိမ်ခံပစ္စည်းအတုအပသည် အလွန်ပင်အမြတ်အစွန်းများပြားသော အကျိုးတူလုပ်ငန်းဖြစ်လာကြောင်းနှင့် အတုအပထုတ်ကုန်များကြောင့် အလှကုန်လုပ်ငန်းတွင် နှစ်စဉ် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့် ဆုံးရှုံးနေကြောင်း သိရသည်။

**တရားစွဲဆိုမှုပေါင်း ၃၈၀၀၀ ခန့်**

မြန်မာနိုင်ငံတွင် လူသိများသည့် ကလေးသုံးကိုယ်လိမ်းပေါင်ဒါ အမှတ်တံဆိပ်တစ်မျိုးဖြစ်သည့် Johnson & Johnson (J&J) ကို လာမည့် ၂၀၂၃ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း ရောင်းချမှုများ ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ကုမ္ပဏီက ဩဂုတ်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းထုတ်ကုန်သည် ရောင်းအားကျဆင်းလာသဖြင့် လွန်ခဲ့သည့်နှစ်နှစ်မှစ၍ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် ရောင်းချမှုများ ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ လက်ရှိတွင် ကုမ္ပဏီသည် ၎င်းတို့၏ ကလေးသုံး ကိုယ်လိမ်းပေါင်ဒါနှင့် ပတ်သက်၍ အသုံးပြုသူများထံမှ တရားစွဲဆိုမှုပေါင်း ၃၈၀၀၀ ခန့်ကို ရင်ဆိုင်နေရသည်။ တရားစွဲသူများက အဆိုပါ ကိုယ်လိမ်းပေါင်ဒါများတွင် ကျောက်ဂွမ်းမှုန့်ပါဝင်နေသဖြင့် ကင်ဆာရောဂါဖြစ်စေကြောင်း ပြောဆိုကြသော်လည်း J&J ကမူ ထိုသို့စွပ်စွဲမှုများကို ငြင်းဆိုထားကြောင်း သိရသည်။

ကုမ္ပဏီများ ပိတ်သိမ်းခြင်း၊ ဒေဝါလီခံခြင်းစသည်တို့သည် စီးပွားရေးလောကတွင် မကြာခဏ မြင်တွေ့ရတတ်သည့် ဖြစ်စဉ်များဖြစ်သည်။ သက်တမ်းရှည်ကုမ္ပဏီကြီးတစ်ခုအနေဖြင့် ၎င်း၏ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲသူထောင်ပေါင်းများစွာက တရားစွဲကြရခြင်း၏ အကြောင်းရင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကုမ္ပဏီအနေဖြင့် အဆိုပါစွပ်စွဲချက်များကို မည်သို့ပင် ငြင်းဆိုနေစေကာမူ တရားရုံးစရိတ်အဖြစ် ဒေါ်လာသန်းပေါင်း များစွာကုန်ကျခဲ့ခြင်း၊ စွပ်စွဲသူအမျိုးသမီး ၂၂ ဦးအတွက် ကုမ္ပဏီက ဒေါ်လာနှစ်ဘီလီယံကျော်ပေးဆောင်ရန် တရားရုံးက စီရင်ချက်ချမှတ်ခံထားရခြင်းတို့မှာ J&J ၏ ငြင်းဆိုမှုများကို ပျက်ပြယ်စေသည်။ လူသုံးကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးသည် ဝယ်ယူသုံးစွဲနေကြသည့် အများပြည်သူတို့အတွက် မည်မျှအရေးကြီးကြောင်းကို J&J ၏ ဖြစ်စဉ်က သာဓကဟု ဆိုရမည်ဖြစ်သည်။

ကုန်ပစ္စည်းအတုပြဿနာများသည် ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် နိုင်ငံတိုင်းရင်ဆိုင်နေရသော စိန်ခေါ်မှုကြီးဖြစ်လာနေသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကလည်း ကုန်ပစ္စည်းအတုအပများကို ထိရောက်စွာနှိမ်နင်းရန် နည်းလမ်းရှာဖွေလျက်ရှိသည်။ ကုန်ပစ္စည်းအတုနှင့် ကုန်အမှတ်တံဆိပ်အတု ပြဿနာများမှာ ပို၍ပင်ကြီးထွားလာသည်။ အကျိုးအမြတ်များစွာရရှိ၍ ရဲတင်းလာကြသည်။ အတုပြဿနာများကိုခြုံ၍ အကြမ်းဖျင်းခွဲခြားလျှင် အမျိုးအစားလေးမျိုးရှိနေသည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအတုပြုလုပ်ခြင်းနှင့် ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ် ဆင်တူယိုးမှား သုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်ကို ယှဉ်ပြိုင်တင်သွင်းခြင်းနှင့် သုံးစွဲခြင်းတို့ဖြစ်သည်။

**အချို့သော ဥပဒေများသည် လွတ်လပ်ရေးမရခင်ကပင် ကြိုတင်ရေးဆွဲထားပြီးဖြစ်**

ကမ္ဘာ့နိုင်ငံများတွင် အတုပြဿနာများကို နှိမ်နင်းရန်နှင့်ဥပဒေများရေးဆွဲရန် ဆောင်ရွက်နေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အသင့်ပြဋ္ဌာန်းထားသော ဥပဒေများရှိပြီးဖြစ်သည်။ အချို့သော ဥပဒေများသည် လွတ်လပ်ရေးမရခင်ကပင် ကြိုတင်ရေးဆွဲထားပြီးဖြစ်သည်ကို ထူးခြားစွာတွေ့ရှိရသည်။ အချို့သော ဥပဒေများသည် နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ လိုအပ်၍ ကြိုတင်မြော်တွေးကာ ရေးဆွဲပြီး ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်။ ရာဇသတ်ကြီးဥပဒေ၊ အကောက်ခွန်ဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ၊ ဗဟိုဘဏ်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများသည် ထင်ရှားသည်။ အခြားပြဋ္ဌာန်းထားသော ဥပဒေများသည်လည်း အလားတူအသက်ဝင်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းရှင်များကို ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ အတုပြဿနာများကို ဥပဒေများအရ ဖြေရှင်းရန်၊ နှိမ်နင်းရန် ဆောင်ရွက်လျက်ရှိသည်။

ကုန်ပစ္စည်းအတုများကို စားသုံးသူပြည်သူများ သုံးစွဲ၍ အသက်သေဆုံးခြင်း၊ အဆိပ်မိခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများ ကြုံတွေ့ခံစားနေရသည်။ လူသုံး၊ အိမ်သုံးပစ္စည်းများ ဈေးကွက်တွင် နေရာမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ ဘယ်သူသေသေငတေမာလျှင်ပြီးရော၊ အကျိုးအမြတ်များများရလျှင်ပြီးရော သဘောမျိုးဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ မဆောင်ရွက်သော ပစ္စည်းအတုရောင်းချသူများကို ဥပဒေအရရော စားသုံးသူများကပါ လက်မခံဘဲ ကျူးလွန်သူများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖော်ထုတ်ကြဖို့လိုသည်။ လူသုံး၊ အိမ်သုံးပစ္စည်းများကို အတုပြုလုပ်ရောင်းချသောသူများ တဖြည်းဖြည်း ကွယ်ပျောက်သွားမည်ဖြစ်သည်။

**သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများစာရင်း**

အလှကုန်ပစ္စည်းများတွင် ပြဒါး၊ ခဲ၊ စတီးရွိုက်၊ ခွင့်မပြုအသားဖြူဆေး၊ ခွင့်မပြုဆိုးဆေး စသည့် ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများ ပါဝင်နေပါက သုံးစွဲသူပြည်သူများတွင် ဓာတ်မတည့်ခြင်း၊ အရေပြား၊ ကျောက်ကပ်နှင့် အသည်းတို့ ထိခိုက်ပျက်စီးခြင်းအပါအဝင် ရေတိုနှင့် ရေရှည်ကာလဆိုးကျိုးများရရှိလာနိုင်သည်။ သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများစာရင်းတွင် အသားဖြူမျက်နှာလိမ်းဆေး၊ မျက်နှာပေါင်းတင်ခရင်မ်နှင့် နှုတ်ခမ်းဆိုးဆေးများပါဝင်ပြီး ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံထုတ် အလှကုန်ပစ္စည်းများက အများစုဖြစ်သည်။ တချို့သော အလှကုန်ပစ္စည်းများမှာ တရားဝင်တင်သွင်းထားသည့် ပစ္စည်းများဖြစ်ပြီး သက်တမ်းကုန်ဆုံးသော်လည်း ပြန်လည်အသုံးမချ နိုင်စေရန် ဖျက်ဆီးခြင်းမပြုဘဲ ဈေးကွက်အတွင်း စီးဝင်လာကာ အထူးလျှော့ဈေးဖြင့် ရောင်းချလေ့ရှိသည်။

အတုပြုလုပ်ရောင်းချသူများသည် နာမည်ကြီးကုန်အမှတ်တံဆိပ်များကိုသာ ပစ်မှတ်ထားကြသည်။ တန်ဖိုးကြီးမားသော ကုန်ပစ္စည်းများကိုသာ တုပဆောင်ရွက်ကြသည်။ ဈေးကွက်ရှာဖွေစရာမလိုဘဲ အဆင်သင့်တုပရောင်းချကာ အကျိုးအမြတ်ကြီးမားစွာရရှိကြသည်။ ငွေစက္ကူအတုများ၊ လူသုံး၊ အိမ်သုံးပစ္စည်းအတုများ၊ ဆင်တူယိုးမှားအတုများ လှိုင်လှိုင်ပေါ်များနေကြခြင်းဖြစ်သည်။ အတုဈေးကွက်ကြီး သက်တမ်းရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် ဈေးနှုန်းချိုသာခြင်း၊ နည်းပညာအဆင့်မြင့်မားလာခြင်း စားသုံးသူများ၏ ဗဟုသုတအားနည်းခြင်း၊ တစ်ဦးချင်းဝင်ငွေနည်းပါးခြင်း စသည့် အကြောင်းများကြောင့်လည်းပါဝင်သည်။

**ကုန်ပစ္စည်းအတုများကို စားသုံးသူပြည်သူများသုံးစွဲ၍ အသက်သေဆုံးခြင်း၊ အဆိပ်မိခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများ ကြုံတွေ့ခံစားနေရသည်။ လူသုံး၊ အိမ်သုံးပစ္စည်းများ ဈေးကွက်တွင် နေရာမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ ဘယ်သူသေသေငတေမာ လျှင်ပြီးရော၊ အကျိုးအမြတ်များများရလျှင်ပြီးရောသဘောမျိုးဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ မဆောင်ရွက်သော ပစ္စည်းအတုရောင်းချသူများကို ဥပဒေအရရော စားသုံးသူများကပါ လက်မခံဘဲ ကျူးလွန်သူများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖော်ထုတ်ကြဖို့လိုသည်။ လူသုံး၊ အိမ်သုံးပစ္စည်းများကို အတုပြုလုပ်ရောင်းချသောသူများ တဖြည်းဖြည်း ကွယ်ပျောက်သွားမည်ဖြစ်**

စာမျက်နှာ ၇ သို့ ☆

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၇**

နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ကရင်တိုင်းရင်းသား လူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများ တက်ရောက် ချီးမြှင့်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသား အစည်းအရုံး(KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်/ ကရင်အမျိုးသား အစည်းအရုံး (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်(BGF)တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူအပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က 90 W ဆိုလာ အစုံ ၁၀၀၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက Outdoor Fitness ၁၀ စုံ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို ကရင်ပြည်နယ် ဝန်ကြီးချုပ်ထံ ပေးအပ်ကြသည်။

ဆက်လက်၍ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ကရင်အမျိုးသား အစည်းအရုံး(KNU) ဒူးပလာယာခရိုင် ဥက္ကဋ္ဌ ပဒိုရွှေမောင်း၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုအောင်မော်ဇေ၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်/ ကရင်အမျိုးသား အစည်းအရုံး (ငြိမ်းချမ်းရေး ကောင်စီ) KNU/KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် (ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောအောင်ပွင့်တို့က (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အနေဖြင့် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာ စည်ပင်ဝပြောပါစေကြောင်း သုံးကြိမ်ရွတ်ဆို ကြွေးကြော် (ဆုတောင်း)၍ ငြိမ်းချမ်းရေး ချိုးဖြူငှက် ၆၇ ကောင်ကို လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေး ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပြောကြား**

ဆက်လက်၍ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြခန်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ ပြပွဲပြိုင်ပွဲများ ပြုလုပ်ပေးခြင်းသည် ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ ဒေသခံတောင်သူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း၊ သီးနှံအမျိုးအစားအလိုက် အုပ်စုလေးစု ခွဲခြားထားပြီး သီးနှံအမျိုးအစားပေါင်း ၄၀ ခန့် လာရောက်ယှဉ်ပြိုင်ကြကြောင်း၊ တန်ဖိုးမြှင့်သီးနှံများ၊ ဈေးကွက် အလားအလာရှိသည့် သီးနှံများကို ထုတ်လုပ်နိုင်မှသာ ဒေသတွင်းဝမ်းစာဖူလုံပြီး ပိုလျှံသည်များကို ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက် ရရှိလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုများကိုပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့က ငှက်ပျော၊ သဘော်၊ ပိန္နဲ၊ ကျွဲကော၊ မာလကာ၊ ပီလောပီနံ၊ ရွှေဖရုံ၊ နာနတ်၊ ပဲလင်းမြွေ၊ အုန်းသီးနှံ ပထမဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

ကမ္ဘာတစ်ဝန်းတွင် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ စားသုံးသူအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးမူဝါဒများ ထွန်းကားလာခဲ့သည်။ ကမ္ဘာတစ်ဝန်း၌ ကျင့်ဝတ်နှင့်မကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဥပဒေဖြင့်အကာအကွယ်ပေးရန် တောင်းဆိုမှုများ ပိုမိုများပြားလာနေသည်။ ကျင့်ဝတ်နှင့်မညီသည့် ပြုမူဆောင်ရွက်ချက်များကို အကာအကွယ်ပေးခြင်းသည် ကုန်စည်၏ အခြေခံအရည်အသွေးကို ပိုမိုတိုးတက်စေသည်။ စီးပွားရေးလုပ်ငန်းအချင်းချင်း တရားသဖြင့် ပြိုင်ဆိုင်မှုကို ဖြစ်ပေါ်စေပါသည်။ ထိုသို့ဖြစ်လာရန်မှာ တာဝန်ရှိသူများအနေဖြင့် လူသုံးကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းစေရန်နှင့် အန္တရာယ်မကင်းသော ကုန်စည်များကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ထိရောက်စွာ အကာအကွယ်ပေးရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အန္တရာယ်ရှိ အလှကုန်ပစ္စည်းများကို ပြုလုပ်သူ၊ တရားမဝင်အလှကုန်ပစ္စည်းများအား ရောင်းဝယ်ဖောက်ကားသူများအပေါ် အရေးယူနိုင်သည့် ဥပဒေရှိပြီးဖြစ်ရာ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရေးမှာ အရေးကြီးသည်။ သက်ဆိုင်ရာက ဈေးကွက်အတွင်း ထောက်လှမ်းစစ်ဆေးမှုများရှိသော်လည်း ဝန်ထမ်းအင်အားနှင့် နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ မလုံလောက်မှုကြောင့် တရားမဝင်အလှကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ စီးဆင်းနေဆဲဖြစ်သည်။ ပြည်သူတို့အနေဖြင့် အလှကုန်ပစ္စည်းများကို ဝယ်ယူရာ၌ တရားဝင် မှတ်ပုံတင်ထားသည့် ပစ္စည်းဟုတ်၊ မဟုတ်၊ သက်တမ်းလွန်ပစ္စည်း ဟုတ်၊ မဟုတ်၊ အထူးလျှော့ဈေးများ၊ သင်္ဒြါနှင့် စာလုံးပေါင်းအမှားများ၊ ချို့ယွင်းချက်ရှိသော ဖောင့်များနှင့် လိုဂိုများ စသည်တို့ကို သေချာစွာ စစ်ဆေးဝယ်ယူသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

■

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၇**

မလေးရှားနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မလေးရှားနိုင်ငံ တရားရုံးချုပ်မှကြီးမှူး၍ နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် “(၁၀)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး (10th Council of ASEAN Chief Justices' Meeting – CACJ)” သို့ တက်ရောက်ခဲ့သည်။

အဆိုပါ (၁၀)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။

**အဖွင့်အမှာစကား ပြောကြား**

“(၁၀) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး” တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ကောင်စီအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat နှင့်တကွ ကျန်အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် အတူ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်သည် အစည်းအဝေးတွင် CACJ လုပ်ငန်းအဖွဲ့များဖြစ်သည့် အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ် (ASEAN Judiciaries Portal–AJP)၊ အာဆီယံဒေသတွင်း တရားမမှုခင်း ဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN)၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်း (Judicial Education and Training)၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ် အငြင်းပွားမှုများဖြေရှင်းရေး (Cross–Border Disputes Involving Children)၊ အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း (ASEAN+Meetings) စသည့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက တင်သွင်းလာသည့် အစီရင်ခံစာများနှင့် CACJ နှင့် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးသည်။

ယင်းနောက် အခြားသော အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ (၁၀)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးကြေညာချက်ဖြစ်သည့် ကွာလာလမ်ပူကြေညာချက် (Kuala Lumpur Declaration) ကို လက်မှတ်ရေးထိုးအတည်ပြု ထုတ်ပြန်ခဲ့သည်။

ထို့အပြင် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး (CACJ Retreat) ကို ၂၀၂၃ ခုနှစ်တွင် ကျင်းပရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် အာဆီယံနှင့်အခြားသောမိတ်ဖက်နိုင်ငံများတွေ့ဆုံဆွေးနွေးမှု ပထမအကြိမ်အစည်းအဝေး(Inaugural ASEAN+Meetings) ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ခဲ့ကြပြီး ကိုရီးယားသမ္မတနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်၊ ဂျပန်နိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်တို့က အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် တရားရုံး နည်းပညာအသုံးပြုခြင်းနှင့် တရားမျှတမှု လက်လှမ်းမီရေး စိန်ခေါ်မှုများနှင့် အဓိက အောင်မြင်မှုအချက်များ (Court Technology and Access to Justice: Challenges and Key Success Factors) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာတရားစီရင်ရေး အတွေ့အကြုံများကို ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့် CACJ ၏ လုပ်ငန်း အဖွဲ့များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လွိုင်ကော်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ




**လွိုင်ကော် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဓာတ်မာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေး၌ အဓိကကျသော ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူက ယုံကြည်အားထားရသည့် အုပ်ချုပ်ရေးယန္တရားကောင်းဖြစ်စေရန်အတွက် နိုင်ငံတော်နှင့် လူမျိုးဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားပြီး စံနမူနာပြဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရဲဗလတံဆိပ်ချီးမြှင့်ခြင်းခံရသည့် လောဝမ္မရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်း ဦးတင်ထွန်း၊ ဖရူဆိုမြို့နယ် အုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးအောင်မြင့်ထွန်းနှင့် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) ဒေါ်ချောစုမာတို့အား ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုစာလွှာများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေး သင်တန်းအမှတ်စဉ်(၃)တွင် သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆုများရရှိခဲ့သည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) ဒေါ်ဟန်ငြိမ်းစုအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုများကိုလည်းကောင်း ထူးချွန်ဆုရရှိသူများအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က ဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်များပေးအပ်ခဲ့ပြီး ဌာန နှစ်ပတ်လည်နေ့အတွက်ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားသည်။

၎င်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Video Clip ပြသခဲ့ပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် သီချင်းဖြင့် ပြန်လည်ဂုဏ်ပြုသီဆိုခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားခဲ့သည်။

(၁၄၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကို ယနေ့ညနေပိုင်းတွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ပျော်ရွှင်စွာဆင်နွှဲ**

အဆိုပါပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

ပွဲတော်မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ မဟာဗောဓိဂြိုဟ်ရှစ်ခွင်ဘုရား ဆီမီးတစ်ထောင်ပူဇော်ပွဲသို့ တက်ရောက်ပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က MRTV ပန်းခြံ၌ ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မိသားစုတန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က မြတ်စွာဘုရားရှင်နှင့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ရည်မှန်းကာ ဆီမီးနံ့သာများဖြင့် စုစည်းပူဇော်ရန် မီးထွန်းညှိပေးကြပြီး MRTV ရုံးချုပ်နှင့် ဌာနခွဲများ၊ Channel များအလိုက် မီးပုံးပျံ ၁၁ လုံး လွှင့်တင်မှုကို ကြည့်ရှုအားပေးသည်။

**ကံစမ်းမဲဖောက်ပေး**

ယင်းနောက် တန်ဆောင်တိုင်ပွဲတော်အလှူ ဝန်ထမ်းမိသားစုများအား ကံစမ်းမဲဖောက်ပေးပြီး မဲပေါက်သည့်ပစ္စည်းများအား လှူဒါန်းဝေငှခြင်း၊ တန်ဆောင်တိုင်ရိုးရာ မဲဇလီဖူးသုပ်နှင့် ကြာဆံဟင်းခါး စတုဒိသာကျွေးမွေးခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံ ၆၃ လုံးလွှတ်တင်ခြင်းနှင့် နိဗ္ဗာန်ဈေးပွဲတော်တွင် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ တေးဂီတဖျော်ဖြေပွဲ၊ ဝန်ထမ်းများနှင့် မိသားစုများ၏ သီချင်းဆိုပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်းတို့ ဆီမီးနံ့သာများဖြင့် စုစည်းပူဇော်ရန် မီးထွန်းညှိပေးကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိဗ္ဗာန်ဈေးပွဲတော်တွင် ကြည့်ရှုအားပေးစဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော် တေးဂီတဖျော်ဖြေပွဲတွင် ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။



## ငွေဆောင်မြို့၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ငွေဆောင် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့၌ ပထမအကြိမ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲအား ယမန်နေ့ ည ၇ နာရီတွင် အမှတ်(၃) ရပ်ကွက်ရှိ အထကဘောလုံးကွင်းနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတော်ကို မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၏ ဦးဆောင်မှုဖြင့် ငွေဆောင်မြို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဟိုတယ်ဇုန်အသင်း၊ ပရဟိတလူငယ်အဖွဲ့များ၊ ငွေဆောင်မြို့ ပြည်သူလူထုတို့ ပူးပေါင်း၍ ငွေဆောင်မြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး မြို့အဝင်လမ်းတစ်လျှောက်နှင့် မြို့ဦးစေတီတော်မြတ်ကြီးကို မီးအလှများဖြင့် ထွန်းညှိပူဇော်ထားကြောင်း သိရသည်။ အဆိုပါပွဲတော်ကို နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ပြီး ပွဲတော်လာပြည်သူများအား စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ငွေဆောင် (ပြန်/ဆက်)**

## စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ဆီမီးတစ်သောင်းပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်းများ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့တွင် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ ဆီမီးတစ်သောင်းပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို ယနေ့ညနေပိုင်းက စေတီတော်မြတ်ကြီးရင်ပြင်၌ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ရင်ပြင်တော်အတွင်း ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။



**ကြည့်ရှုအားပေး**

လောကာနန္ဒာ စေတီတော်တွင် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဦးဆောင်ကာ စေတီတော်ရင်ပြင်၌ ကျင်းပသော ဆီမီးတစ်သောင်း ပူဇော်ပွဲကို စတင်ဆီမီးထွန်းညှိပူဇော်ကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘုရားဖူးလာပြည်သူများက ဆီမီးထွန်းညှိပူဇော်ကြကာ ဌာနဆိုင်ရာအလိုက် စတုဒိသာအလှူအဖြစ် ကျွေးမွေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

လောကာနန္ဒာစေတီတော်မြတ်ကြီးတွင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများက စတုဒိသာအဖြစ် ဖာလူဒါ၊ ရေခဲမုန့်၊ အချိုရည်၊ ၄က်ပျောရွှေကြည်၊ စမူဆာ၊ ပဲပလာတာ၊ ကောက်ညှင်းပေါင်း၊ အကြော်၊ ကြာဆံကြော်၊ ချောကလက်၊ ပေါင်မုန့်နှင့် ရေသန့်တို့ကို ကျွေးမွေးခဲ့ပြီး မီးပုံးပျံ ၂၀၀ လွှတ်တင်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) အခမ်းအနားများ ကျင်းပလျက်ရှိရာ ဘုရားဖူးလာပြည်သူများ စည်ကားစွာလာရောက်ဖူးမြော် ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၇**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)ဖြစ်သည်။ သာမညဖလ သုတ္တန်ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး)ကို ဗုဒ္ဓဘုရားရှင်က တန်ဆောင်မုန်းလပြည့် ညမြတ်တွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းအား အကြောင်းပြု၍ ဟောတော်မူခဲ့ခြင်းကို သာသနာ့မှတ်တိုင် စိုက်ထူသောအားဖြင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ကို ရှေးအခါက ကြယ်တာရာနက္ခတ်ပေါင်းစုံ ကွန့်မြူးသဖြင့် နက္ခတ်သဘင်အခါကာလဟု သတ်မှတ်ကာ နက္ခတ်တာရာများအား ဆီမီးရောင်စုံဖြင့် ထွန်းညှိ ပသပူဇော်သော မီးထွန်းပွဲတော်ကို ကျင်းပခဲ့ခြင်းလည်း ဖြစ်သည်။ သို့ရာတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသော မိမိတို့မြန်မာနိုင်ငံသည် ဆီမီးထွန်းခြင်းကို ဘုရားရှင်အား ပူဇော်ခြင်းအဖြစ် ပြောင်းလဲကျင်းပခဲ့ကြသည်။

**သတ်မှတ်နေရာများ၌ ကျင်းပ**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ဥဩ့ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံး ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းများ ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီး အာရုံခံတန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန်၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်တို့အား ကထိန်ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ သာမညဖလအခါတော်နေ့ဆိုင်ရာ တရားတော်များနာကြားခြင်းနှင့် ရေစက်ချအခမ်းအနားကို ရင်ပြင်တော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းများကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြစဉ်။

ပါဠိတက္ကသိုလ် ဉာဏ်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဥဩ့ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဓရ-တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ တိပိဋကဓရ-ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးများ ထွန်းညှိပူဇော်ထားမှုကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရသည်။

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၃၈)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်များ၌ ကျင်းပသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ ကိုးထပ်ကြီးဘုရား၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့တွင်လည်း ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြ၍ သာမညဖလသုတ္တန် ဒေသနာတော်များကို ရွတ်ဖတ်ကာ မေတ္တာပို့ ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် တစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်းများ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲအခမ်းအနားများ၊ ဆွမ်းတော်ကြီးတင်လှူပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် စုပေါင်းမဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

တန်ဆောင်မုန်းလပြည်နေ့ မီးထွန်းပွဲတော်တွင် ရုံးများ၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများဖြင့် မီးထွန်းပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲကြသည်။ နေအိမ်များ၌လည်း ဆီမီးထွန်းခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်းတို့ကိုလည်း ပြုလုပ်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို ကျင်းပကြရာ အလှူရှင်များ၊ အားပေးသုံးဆောင်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ထို့အတူ ပြည်သူ့ရင်ပြင်၊ မဟာဗန္ဓုလပန်းခြံနှင့် အချက်အချာကျသည့်နေရာများတွင် ရောင်စုံမီးအလှများကို ပုံစံမျိုးစုံဖြင့် မီးရောင်စုံများ ထွန်းညှိထားကြသည်။

**သတင်း- ကိုကိုဇော်၊ ကျော်စိုးဝင်း**
**ဓာတ်ပုံ-လတ်လတ်(သတင်းစဉ်)**



တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။




ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ ဈေးရောင်းပွဲတော်လာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ မီးရှူး၊ မီးပန်းများ ပစ်ဖောက်စဉ်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလသည် မြန်မာ့ ၁၂ လရာသီတွင် ရှစ်လမြောက်လဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည်။

ယနေ့ကျရောက်သည့် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၄) ကြိမ်မြောက် တန်ဆောင်တိုင်ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို အဆိုပါစေတီတော်လိုဏ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား တန်ဆောင်တိုင်ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပြီး ရုပ်ပွားတော်များအား မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့်သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် (၁၄၁) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံအတွင်း၌ ဆက်လက်ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ ဒုတိယဝန်ကြီးနှင့်ဇနီးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဒုတိယဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်ရှိ ရတနာဆင်ဖြူတော်အဆောင်တွင် ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်ရင်ပြင်တွင် ဘုရားရှင်အားရည်မှန်း၍ ဆီမီးပူဇော်ပွဲကျင်းပရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် စေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌လည်း မီးရှူး၊ မီးပန်းများ ပစ်ဖောက်ရာ အများပြည်သူများ၊ လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဂယာ(နေပြည်တော်)၊ မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဘုံကထိန်များလှည့်လည်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်း၊ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်လာကြသူများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ ငလိုက်ဆင်စခန်းနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် ညဈေးရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက DJ, Music Band များနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လည်ပတ်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံထွန်းညှိပူဇော်ကြသူများ၊ မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံသကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။



နေပြည်တော် ရေပန်းဥယျာဉ်၌ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများဖြန့်ဝေခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကိုလည်း တွေ့ရသည်။

**သတင်း - တက်သစ်စ၊ ဓာတ်ပုံ- ကိုကြီးထိန်**

# ယခုနှစ်ပထမ ၁၀ လအတွင်း အစ္စရေးနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားနှစ်သန်းကျော်ဝင်ရောက်



ဂျေရုဆလင် နိုဝင်ဘာ ၇

အစ္စရေးနိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံခြားသားခရီးသွား နှစ်သန်းကျော်ဝင်ရောက်ခဲ့ကြောင်း အစ္စရေးနိုင်ငံ၏ စာရင်းအင်းဗျူရိုက နိုဝင်ဘာ ၆ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယင်းကာလအတွင်း အစ္စရေးနိုင်ငံသို့လာရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် ၂ ဒသမ ၀၇၈ သန်းရှိခဲ့ခြင်းသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ခုနစ်ဆအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလတစ်လတည်းမှာပင် အစ္စရေးနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၃၃၃၅၀၀ ဝင်ရောက်ခဲ့ကြောင်းနှင့် ယင်းအရေအတွက်သည် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံအတွင်းသို့ လစဉ်ခရီးသွားဝင်ရောက်မှုတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများနှင့် ပြန်လည်ကျန်းမာလာသော နိုင်ငံခြားသားခရီးသွားများအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပြီး မတ်လတွင် ကာကွယ်ဆေးမထိုးနှံရသေးသော နိုင်ငံခြားသားခရီးသွားများကိုပါ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၆၇၁ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၇

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၅၈၅၆၉၁၀ ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၆၀ သည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၉၃၉၀ ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ရထားလမ်းချော်မှုဖြစ်ပွား၍ အနည်းဆုံး ၃၄ ဦး ထိခိုက်ဒဏ်ရာရရှိ

ဆိုလ်း နိုဝင်ဘာ ၇

တောင်ကိုရီးယားနိုင်ငံ၌ ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းရထားသည်နိုဝင်ဘာ ၆ ရက် ည ၉ နာရီက ဆိုးလ်ဒေသအနီးရှိ ယောင်ဒန်ပိုဘူတာရုံသို့ ဦးတည်ခုတ်မောင်းလာစဉ်ရထားလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ယခုရထားလမ်းချော်မှုဖြစ်စဉ်၌ ရထားစီးခရီးသည်များထဲမှ ထိခိုက်ဒဏ်ရာရရှိသူ ၃၉ ဦးတွင် အိန္ဒိယနိုင်ငံသား သုံးဦး၊ ဂျပန်နိုင်ငံသားတစ်ဦးနှင့် နီပေါနိုင်ငံသားတစ်ဦးပါဝင်ကြောင်း ယွန်ဟက်သတင်းအေဂျင်စီက ပြောကြားသည်။ အဆိုပါရထားမှ တွဲဆိုင်း ခြောက်တွဲသည် ဘူတာသို့ရထားရောက်ရှိခါနီးအချိန်တွင် လမ်းချော်သွားသည်ကို တွေ့ရှိရကြောင်း ကောဘီအက်စ် အသံလွှင့်ဌာနက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့နှင့် ရထားကော်ပိုရေးရှင်းမှ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်ပထမ ၁၀ လအတွင်း သစ်တောနှင့်သစ်တောထွက် ကုန်ပစ္စည်းဆိုင်ရာ ပြည်ပပို့ကုန်တန်ဖိုး ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာ

ဟန်နွိုင်း နိုဝင်ဘာ ၇

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်ပထမ ၁၀ လအတွင်း သစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းဆိုင်ရာ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဗဟိုစာရင်းအင်းရုံးမှ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ အောက်တိုဘာလအတွင်း သစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းဆိုင်ရာ ပြည်ပပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးသစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရာ အချက်အချာနိုင်ငံဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဗီယက်နမ်နိုင်ငံ၏ သစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းဆိုင်ရာ ပြည်ပပို့ကုန်တန်ဖိုးအား အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံသို့ရောက်ရှိလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း သစ်တောနှင့်သစ်တောထွက်ကုန်ပစ္စည်းများပြည်ပတင်ပို့ခြင်းမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ





# တရုတ်နိုင်ငံ၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆောင်ရွက်ရာတွင် ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ဟု တရုတ်ကိုယ်စားလှယ်ပြောကြား

ပေကျင်း နိုဝင်ဘာ ၇

တရုတ်နိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်ရာတွင် ပြောင်မြောက်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး တိုးတက်မှုများ ရရှိခဲ့ကြောင်း ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ တရုတ်ကိုယ်စားလှယ် ဇီဇန်ဟွာက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ၌ ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ပါရီသဘောတူညီချက်အား တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို ခိုင်မာထိရောက်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကာ အောင်မြင်မှုများ ရရှိနေကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံအတွင်း စိမ်းလန်းပြီး ကာဗွန်ဓာတ်ငွေ့လျှော့ချနိုင်သည့် လေထုနှင့် သဘာဝပတ်ဝန်းကျင်ရရှိစေရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပွင့်လင်းမြင်သာမှုကိုအခြေခံကာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးညီလာခံသို့ တက်ရောက်လာသည့်နိုင်ငံများ၏ အကျိုးစီးပွားအတွက် တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည့် ရာသီဥတုဆိုင်ရာစီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-စီဂျီတီအင်န်

ဘာသာပြန်-စိုးသူရ

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

# အိမ်ခြံမြေပညာပေးသင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ စဉ်ဆက်မပြတ် အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၇**

အိမ်ခြံမြေအလုပ်လုပ်ကိုင်နေကြသည့် အကျိုးဆောင်များအတွက် အိမ်ခြံမြေပညာပေးသင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စဉ်ဆက်မပြတ် အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA)မှ သိရသည်။

ရန်ကုန်မြို့အတွက် အိမ်ခြံမြေပညာပေးသင်တန်းအမှတ်စဉ်(၈/၂၀၂၂)ကို အခမဲ့ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ရာ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီစားသောက်ဆိုင်ရှိ သီရိရတနာခန်းမ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်း၌ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများ၊ မြို့ပြ/ကျေးရွာ(မြေယာဥပဒေများ)၊ အခွန်အကြောင်းသိကောင်းစရာများ၊ စာချုပ်စာတမ်းဥပဒေ၊ မြို့ပြမြေယာဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အိမ်ခြံမြေနှင့် နီးနွယ်သော ဥပဒေဆိုင်ရာသိကောင်းစရာများ၊ အကျိုးဆောင်လောကသိကောင်းစရာများ၊ အိမ်ခြံမြေအသင်းအဖွဲ့ဆိုင်ရာသိကောင်းစရာများနှင့် အိမ်ခြံမြေဗဟုသုတများကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးထုတ်ပေးနိုင်ခဲ့**

လက်ရှိ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းက သင်တန်းသားဦးရေ စုစုပေါင်း ၃၀၀၀ နီးပါးမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အသင်းမဝင်ရသေးသော အိမ်ခြံမြေအကျိုးဆောင်များအနေဖြင့်လည်း အသင်းဝင်အဖြစ်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး အသင်းဝင်ဖြစ်ပါက အိမ်ခြံမြေပညာပေးသင်တန်းများ တက်ရောက်နိုင်ကြမည်ဖြစ်ကာ သင်တန်းများကို စဉ်ဆက်မပြတ်အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) ဥက္ကဋ္ဌ ဦးအောင်ထွန်းထံမှသိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**



ရန်ကုန်မြို့ရှိအထပ်မြင့်အဆောက်အအုံများကို တွေ့ရစဉ်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ နိုဝင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့နယ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန် ပိတောက်ရွှေဝါလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150 အားဖြည့်အချိုရည်ပုံး ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၂၅၀,၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ကားတာယာ ၂၅ လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၄၅၀၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၃၅ | ၂၉၂၀ |
| 95 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၃၅ | ၂၉၅၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၀ | ၃၀၃၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၀ | ၃၀၃၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၁၄၃ | ၂၂၁၉ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၁၆ |
| HSD (50 ppm) | ၂၆၀၇ | ၂၆၈၈ |
| HSD (10 ppm) | ၂၆၀၇ | ၂၆၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မီးသွေးစုရပ်နေ သီရိနိုင်သည် ၎င်းအသုံးပြုသည့် “Thiri Naing” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၁၅)တိုးချဲ့ရပ်ကွက်နေ စိုးအောင်သူသည် ၎င်းအသုံးပြုသည့် “Soe Aung Thu” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ ကလို့ကွင်းကျေးရွာနေ ဝေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Wai Linn Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေကျင်မြို့နယ်၌ အကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန်ရည်ရွယ်၍ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်ရည်ရွယ်၍ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ညောင်အိုင်ကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့အား ဆက်သွယ်ဖောက်လုပ်ထားသည့် ကျောက်တန်း-ညောင်အိုင်ကျေးရွာသွားလမ်းပေါ်ရှိ အလျားပေ ၄၄၀၊ အကျယ်ပေ ၂၀ ခန့်ရှိသည့် သံကူကွန်ကရစ်အမျိုးအစား ညောင်အိုင်ချောင်းကူးတံတားကို အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတံတားတွင် မိုင်းပေါက်ကွဲမှုကြောင့် ကျောက်တန်းကျေးရွာဘက်ခြမ်းမှ တံတား ပေ ၆၀ ခန့်တွင် ဝဲဘက်ကြမ်းခင်းလေးပေပတ်လည်ခန့်၊ တံတားလက်ရန်းတိုင်သုံးတိုင်နှင့် တံတားထောက်တိုင်အမှတ် P-10 အပေါ်ရှိ သံပေါင်ပျက်စီးနေသည်ကို တွေ့ရှိရပြီး မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများ ပြတ်တောက်မှုမရှိကြောင်းနှင့် တာဝန်ရှိသူများက တံတားကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ထားသည့် သံကူကွန်ကရစ် ချောင်းကူးတံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





သတင်းစဉ်

# မုံရွာမြို့ ရာပြည့်ကပ်ကျော်မင်္ဂလာစေတီတော်မြတ်ကြီး အနေကဇာတင်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ခြင်းနှင့် ပထမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ

**မုံရွာ နိုဝင်ဘာ ၇**

မုံရွာမြို့ ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီး အနေကဇာတင်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ကြီး အာရုံခံအတွင်း ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ နှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ပင့်သံဃာဆရာတော်၊ သံဃာတော်များက ရာပြည့် ကပ်ကျော်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မုံရွာမြို့ ရန်ကင်းကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနုမောဒနာတရားနာယူ ကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ် ဆိုဆုတောင်းပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရာပြည့်ကပ်ကျော်စေတီတော် မြတ်ကြီးရှိ အရှေ့ဘက်ကန်သာယာ ကန်ပေါင်တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီးနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊



တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အဆိုပါ ပထမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင် မုံရွာ ခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ ဘုန်းတော်ကြီး ကျောင်းတိုက်ပေါင်း ၂၅၅ ကျောင်းနှင့် သီလရှင် ကျောင်းတိုက် ၃၈ ကျောင်းတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဓမ္မစရိယ နိကာယကျောင်းတိုက် ပရိဝုဏ်အတွင်း ဓမ္မဗိမာန်တော် ပန္နက်တော်တင်၊ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၇**

သာမညဖလအခါတော်နေ့(တန်ဆောင်မုန်း လပြည့်နေ့)တွင် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် ဓမ္မစရိယ နိကာယကျောင်းတိုက်ပရိဝုဏ်အတွင်း ဓမ္မဗိမာန်တော် ပန္နက်တော်တင်၊ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည် ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်နှင့် ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်များအား ဆရာတော်အရှင် သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော် များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူ ဒါန်းကြပြီး ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ (သ.စ.အ ဓမ္မာစရိယ) မထေရ်မြတ်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရတနာပန္နက်တော်စိုက်ထူခြင်းနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပရာ ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ် ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ရတနာပန္နက်တော် စိုက်ထူခြင်းနှင့် အုတ်မြစ်တော်စီခြင်းတို့ ဆောင်ရွက် ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ ဓမ္မဗိမာန်တော်ကို ဓမ္မာစရိယ တက္ကသိုလ်များ၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ(သ.စ.အ ဓမ္မာစရိယ) မဟာထေရ်မြတ်အား အမှူးထား၍ အောင်ဇေကမ္ဘာ လီမိတက်မှ စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် ဓမ္မစရိယ နိကာယကျောင်းတိုက် ပရိဝုဏ်အတွင်း အလျား ၁၃၅ ပေ၊ အနံ ၆၃ ပေရှိ နှစ်ထပ် ဓမ္မဗိမာန် တော်ကို ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ် မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်း အဝေး(19th ASEAN Air Chiefs Conference – 19th AACC)သို့ တက်ရောက်ရန်အတွက် လာအိုနိုင်ငံ လွန်ပရာဘန်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် လာအိုလေတပ်ဦးစီးချုပ် Brigadier General Khamlek Sengphachanh၊ ဘရူနိုင်း



လေတပ်ဦးစီးချုပ် Brigadier General(U) Dato Seri Pahlawan Mohd Sharif Bin Dato Paduka Haji Ibrahim နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက် လုပ်ငန်းများ ကာကွယ်တားဆီးရေးတို့အတွက် နှစ်နိုင်ငံလေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် လွန်ပရာဘန်မြို့တော်ရှိ Luang Prabang View ဟိုတယ်၌ ကျင်းပသော (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference– 19th AACC)သို့ တက်ရောက်ကြသည်။ ဦးစွာ အာဆီယံ လေတပ်ဦးစီးချုပ်များက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး "Together for Peace and Stability of ASEAN" အား ဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေး သဘောတူဆုံးဖြတ်ချက် များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (20th ASEAN Air Chiefs Conference – 20th AACC)အာဆီယံလေတပ် ဦးစီးချုပ်များ အစည်းအဝေးအတွက် ကာကွယ်ရေး ဦးစီးချုပ်(လေ)ထံသို့ လာအိုလေတပ်ဦးစီးချုပ်က ASEAN Air Chief Conference ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်မှု လွှဲပြောင်းပေးအပ်ခြင်းကို ဆောင်ရွက် သည်။

ယင်းနောက် လာအိုနိုင်ငံကာကွယ်ရေးဝန်ကြီး အား အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ သွားရောက်တွေ့ဆုံ နှုတ်ဆက်ကြသည်။ ဒေသ စံတော်ချိန် ညနေ ၆ နာရီခွဲတွင် လာအိုနိုင်ငံ လေတပ် ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်မြို့ ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းက ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ညီညီ(သမိုင်း)



ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ တန်ဆောင်မုန်းလပြည့်နေ့တွင် အပန်းဖြေလာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်



တန်ဆောင်မုန်းလပြည့်နေ့တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်



တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ၌ နေပြည်တော်သတင်းစာတိုက်မှ ဝန်ထမ်းမိသားစုများ နိဗ္ဗာန်ဈေးပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြစဉ်။ ကောင်းမြတ်ကျော်



ရန်ကုန်ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်ရှိ ရန်ကုန်တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ၊ မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ စောရွှေဝှန်း



တန်ဆောင်မုန်းလပြည့်နေ့တွင် ဥပ္ပါတသန္တိစေတီတော်၌ထားရှိသည့် ဆင်ဖြူတော်များအား လာရောက်လေ့လာကြည့်ရှုသူများ၊ ဆင်စာကျွေးသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်







တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပြည်သူ့ဗဟိုပြုစနစ်ဖြင့် လည်ပတ်စီးဆင်းမှု

ညိုညိုဝင်း(ကျေးလက်ဦးစီး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်တွင်း / ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမူဘောင်ပါ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူ့ဗဟိုပြုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ(၈)၊ ပုဒ်မခွဲ(ဃ)၊ အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်အရ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း အဖွဲ့အစည်းများမှ ကောက်ယူခဲ့သည့်စစ်တမ်းများအရ ကျေးလက်အိမ်ထောင်စု ၇၅ ရာခိုင်နှုန်းခန့်သည် အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးမဲ့ချေးငွေ (သို့) အတိုးနည်းချေးငွေများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်းကောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဒီဇိုင်းရေးဆွဲကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

### ရန်ပုံငွေဘယ်ကရ

မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကို ပြည်ပနိုင်ငံအဖွဲ့အစည်းများမှ ထောက်ပံ့ငွေ (သို့) ချေးငွေနှင့် ဆောင်ရွက်သည်ဟုထင်မှတ်၍ မိမိတို့ဌာနသို့ မကြာခဏမေးမြန်းလေ့လာမှုများရှိခဲ့ပါသည်။ အမှန်မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့်ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ပြည်သူ့ဘဏ္ဍာရန်ပုံငွေဖြင့်သာ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်းဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု

၁၉၈၈-၈၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပြည်ထောင်စု၏ တစ်စုတစ်ပေါင်းတည်းရန်ပုံငွေအဖြစ် ရငွေအားလုံးထည့်ဝင်ပြီး အသုံးစရိတ်များကိုလည်း အဆိုပါစာရင်းမှ ပြန်လည်ထုတ်ယူသုံးစွဲသည့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ပြည်ထောင်စုဘဏ္ဍာငွေအစီအစဉ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဟူ၍ အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲကာ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ဘတ်ဂျက်လျာထားရေးဆွဲသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နှစ်စဉ်သာမန်အသုံးစရိတ်၊ ထောက်ပံ့ငွေအသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ အတိုးပေးငွေအသုံးစရိတ်တို့ကို ခွင့်ပြုငွေဘောင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### ထောက်ပံ့ငွေအသုံးစရိတ်

ထောက်ပံ့ငွေအသုံးစရိတ်တွင် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ပြည်ပအကူအညီထောက်ပံ့ငွေအသုံးစရိတ်ဟူ၍ ငွေစာရင်းခေါင်းစဉ်နှစ်မျိုးပါဝင်ပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား နိုင်ငံတော်ထောက်ပံ့ငွေ အသုံးစရိတ်ခေါင်းစဉ်အောက်တွင် ဘတ်ဂျက်လျာထားရေးဆွဲပြီး ခွင့်ပြုချက်နှင့်အညီ အဆိုပါခေါင်းစဉ်မှ သုံးစွဲခြင်းဖြစ်ပါသည်။

### စီမံကိန်းရန်ပုံငွေစီးဆင်းမှု

နိုင်ငံတော်ထောက်ပံ့ငွေ အသုံးစရိတ်ခေါင်းစဉ်အောက်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ရရှိသည့်ကျေးရွာအရေအတွက်ပေါ်မူတည်ပြီး လွှဲပေးရမည့်ငွေများတွက်ချက်ကာ သက်ဆိုင်ရာမြို့နယ်သို့ Drawing Limit ဖြင့် လွှဲပို့ခြင်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းရန်ပုံငွေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေထုတ်စာရင်း MD မှ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစာရင်းသို့ စာရင်းပြောင်းပေးချေခြင်းဖြင့် နိုင်ငံတော်မှ ကျေးရွာများသို့ အရင်းမပျောက်မတည်ရန်ပုံငွေထောက်ပံ့ခြင်းဖြစ်ပါသည်။

မြို့နယ်မြစိမ်းရောင်စီမံကိန်းရန်ပုံငွေစာရင်းရှင်မှ ကျေးရွာအလိုက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေစာရင်းရှင်သို့ လွှဲပြောင်းပေးပါသည်။ ရန်ပုံငွေအား ယခင် ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်အထိ အိမ်ခြေ ၈၀ အထက်တစ်ယူနစ်လျှင် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၈၀ အောက် လျော့နည်းပါက အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာကျေးရွာများရှိ အိမ်ခြေများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ တစ်ယူနစ်လျှင် မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ မတည်ပေးခဲ့ပါသည်။

ယခုအခါ ကျေးရွာများသို့ ရန်ပုံငွေများ မတည်ပေးရာတွင် ကျေးရွာ၏အိမ်ခြေအပေါ်မူတည်ပြီး အိမ်ခြေ ၁၀၁ နှင့်အထက် Type-1 ကိုကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ နှင့် ၁၀၀ ကြား(Type-2)ကို ကျပ်သိန်း(၂၀၀)၊ အိမ်ခြေ ၅၀ နှင့်အောက် (Type-3)ကို ကျပ်သိန်း(၁၀၀)၊ အိမ်ခြေ ၈၀ အောက် လျော့နည်းသောကျေးရွာများအား အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာကျေးရွာများရှိ အိမ်ခြေများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ အိမ်ခြေ(၁၀၁)နှင့်အထက် (Type-4)ကို ကျပ်သိန်း(၃၀၀)ဟူ၍ အမျိုးအစားလေးမျိုးဖြင့် မတည်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းရန်ပုံငွေကို ကျေးရွာအနေဖြင့် အရင်းမပျောက်မတည်ငွေအဖြစ် ကျေးရွာအတွင်း အိမ်ထောင်စုများသို့ သတ်မှတ်အတိုးနှုန်းများဖြင့် ထုတ်ချေးပြီး သတ်မှတ်ကာလအတွင်း အတိုး၊ အရင်းများ ပြန်လည်ကောက်ခံကာ မူလမတည်ငွေလည်ပတ်၍ ကျေးရွာသူ ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ ပံ့ပိုးပေးလျက်ရှိပါသည်။ စီမံကိန်းရန်ပုံငွေအား ကျေးရွာကော်မတီမှ ဖွင့်လှစ်ထားသည့် ကျေးရွာစီမံကိန်းရန်ပုံငွေစာရင်းသို့ တိုက်ရိုက်ထည့်သွင်းပေးခြင်းအားဖြင့် မတည်ရန်ပုံငွေအား ကျေးရွာပြည်သူ့လက်ဝယ်အရောက် တိုက်ရိုက်ပေးပို့ခြင်းဖြစ်ပါသည်။

### အတိုးနှုန်းသတ်မှတ်ခြင်း

မြစိမ်းရောင်မတည်ရန်ပုံငွေမှ ကျေးရွာသူကျေးရွာသားများအား ချေးငွေထုတ်ချေးပေးရာတွင် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ တစ်ကျပ်ပြား ၅၀ နှုန်းအတွင်း ကျေးရွာ၏အများသဘောတူဆန္ဒဖြင့် သတ်မှတ်ပေးနိုင်ပါသည်။

### ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

စီမံကိန်းရန်ပုံငွေနှင့်သက်ဆိုင်သည့် ငွေကြေးကိုင်တွယ်သုံးစွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် အစီရင်ခံခြင်းအစရှိသည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဆပ်ကော်မတီကို ပုဂ္ဂိုလ်သုံးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ပါသည်-

(က) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များမှ ဥက္ကဋ္ဌ ရွေးချယ်ပေးသည့်ပုဂ္ဂိုလ်တစ်ဦး

(ခ) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များမှ ဘဏ္ဍာရေးမှူး ရွေးချယ်ပေးသည့်ပုဂ္ဂိုလ်တစ်ဦး

(ဂ) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များမှ စာရင်းကိုင် ရွေးချယ်ပေးသည့်ပုဂ္ဂိုလ်တစ်ဦး

### မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းရှင်ဖွင့်လှစ်ခြင်း

သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုထားသည့် မြစိမ်းရောင်စီမံကိန်းမတည်ငွေအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းငွေစာရင်းရှင်မှ တစ်ဆင့် စီမံကိန်းကျေးရွာများ၏ မြစိမ်းရောင်ရန်ပုံငွေစာရင်းရှင် (Current Account)သို့ ဦးစွာလွှဲပြောင်းပေးသည်။ သို့သော် မိမိမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်သည် သွားရောက်ရန် ဝေးလံခက်ခဲခြင်း၊ အခြားမြို့နယ်မှတစ်ဆင့် သွားရောက်ရခြင်းများရှိပါက စီမံကိန်းကျေးရွာနှင့် နီးစပ်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင် (Current Account) ကို ဖွင့်လှစ်နိုင်ပါသည်။

ဘဏ်စာရင်းရှင်တွင် လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူသုံးဦးမှာ ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်တစ်ဦး (ဘဏ္ဍာရေးမှူးနှင့် စာရင်းကိုင်မဟုတ်သည့်ပုဂ္ဂိုလ်) တို့ဖြစ်ပြီး ဘဏ်စာရင်းရှင်မှ ငွေထုတ်ယူရာတွင် ဘဏ်စာရင်းရှင်၌ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူ စုစုပေါင်း သုံးဦးအနက် နှစ်ဦးက ချက်လက်မှတ်/ငွေထုတ်လွှာ၌ လက်မှတ်ရေးထိုးပြီး ငွေထုတ်ယူနိုင်သည်။

### စီမံကိန်းဧရိယာနှင့်မတည်ရန်ပုံငွေ လည်ပတ်စီးဆင်းမှု

မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ မြို့နယ် ၂၈၈ မြို့နယ်အတွင်းရှိကျေးရွာရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ညွှန်ကိန်းများနှင့် ပြည့်မီသောကျေးရွာများအားရွေးချယ်၍ နှစ်အလိုက် နိုင်ငံတော်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအား ၂၀၁၄-၂၀၁၅ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ယူနစ် ၁၀၁၂၈၊ ကျေးရွာ ၁၂၃၁၂ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းလွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၂၂ ရာခိုင်နှုန်းဖြစ်ပါသည်။ မတည်ရန်ပုံငွေမှာ ကျပ် ၃၀၃ ဒသမ ၈၄၀ ဘီလီယံအပေါ်တွင် တိုးပွားရန်ပုံငွေမှာ ၂၂၀ ဒသမ ၅၅၆ ဘီလီယံဖြစ်ပြီး အတိုးရငွေမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်းများလည်းရှိ၍ စုစုပေါင်းလည်ပတ်ရန်ပုံငွေမှာ ၄၃၄ ဒသမ ၄၃၂ ဘီလီယံဖြစ်ပြီး မတည်ရန်ပုံငွေ၏ ၇၀ ရာခိုင်နှုန်း တိုးပွားလာကြောင်း တွေ့ရှိရပါသည်။

### စောင့်ကြည့်စစ်ဆေးခြင်း

ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့သည် အဆိုပြုထုတ်ချေးငွေအပေါ် ကျေးရွာသူကျေးရွာသားများအနေဖြင့် လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ခြင်း ရှိ/မရှိ ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်မှုအားနည်းပါက အမှန်တကယ်လုပ်ဆောင်ရန် တိုက်တွန်းခြင်း၊ လုပ်ဆောင်ခြင်းမရှိပါက ခေါ်ယူသတိပေးခြင်း၊ နောက်တစ်ကြိမ်တွင် ချေးငွေထုတ်ချေးခွင့်မပြုကြောင်း အသိပေးပြောကြားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ကောက်နုတ်စစ်ဆေးခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၅ ရာခိုင်နှုန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀ ရာခိုင်နှုန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၀၀ ရာခိုင်နှုန်း ကွင်းဆင်းစစ်ဆေးခြင်းများအပြင် ကူးစက်ရောဂါကာလအတွင်း ခရီးသွားလာမှုကန့်သတ်ချက်များရှိပါက Video Conferencing စနစ်ဖြင့် စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် လူထုအခြေပြုစီမံကိန်းဖြစ်သည့်အတွက် လုပ်ငန်းလည်ပတ်မှုနှင့် သက်ဆိုင်ရာဌာနများမှ ပံ့ပိုးကူညီပေးခြင်းများကိုသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာရန်ပုံငွေလည်ပတ်မှု အဆင်ပြေအောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ ပြဿနာအခက်အခဲများကြုံပါက ဝိုင်းဝန်းဖြေရှင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ တိုးပွားလာသောရန်ပုံငွေများအား အဆက်မပြတ်လည်ပတ်နေစေရန် ထပ်မံပြန်လည်ထုတ်ချေးပေးခြင်းအားဖြင့် မြစိမ်းရောင်ရန်ပုံငွေ မတည်ပေးခြင်း၏ ရည်ရွယ်ချက်များအောင်မြင်လာမည်ဖြစ်ပါသည်။

> မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်/ တိုင်းဒေသကြီး ၁၄ ခု၊ မြို့နယ် ၂၈၈ မြို့နယ်အတွင်းရှိ ကျေးရွာရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ညွှန်ကိန်းများနှင့် ပြည့်မီသောကျေးရွာများအားရွေးချယ်၍ နှစ်အလိုက် နိုင်ငံတော်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအား ၂၀၁၄-၂၀၁၅ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ယူနစ် ၁၀၁၂၈၊ ကျေးရွာ ၁၂၃၁၂ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းလွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၂၂ ရာခိုင်နှုန်းဖြစ်ပါသည်။ မတည်ရန်ပုံငွေမှာ ကျပ် ၃၀၃ ဒသမ ၈၄၀ ဘီလီယံအပေါ်တွင် တိုးပွားရန်ပုံငွေမှာ ၂၂၀ ဒသမ ၅၅၆ ဘီလီယံဖြစ်ပြီး အတိုးရငွေမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်းများလည်းရှိ၍ စုစုပေါင်းလည်ပတ်ရန်ပုံငွေမှာ ၄၃၄ ဒသမ ၄၃၂ ဘီလီယံဖြစ်ပြီး မတည်ရန်ပုံငွေ၏ ၇၀ ရာခိုင်နှုန်းတိုးပွားလာ

စာမျက်နှာ ၁၉ သို့ ◆



## ဣစ္ဆာသယစေတီ ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၇

ရမည်းသင်းမြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု ကဒေါင်းကျေးရွာ ကဒေါင်းရွာဦးကျောင်းတိုက်အတွင်း တည်ထားကိုးကွယ် ပူဇော်အပ်သော ဣစ္ဆာသယစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ ခြင်း အခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ကဒေါင်းရွာဦးကျောင်းတိုက်ဆရာတော် ဦးသုမနဦးဆောင်၍ မန္တလေးမြို့ ဘုရားဒါယကာ ဦးခင်မောင်ဝင်း - အလှူဒါယိကာမ ဒေါ်သီသီဝင်း (ထင်ပေါ်-စားသုံးဆီရောင်းဝယ်ရေး) မိသားစုအလှူရှင်များက ရှေးဦးစွာ ဘုရားအမှူးရှိသော ပင့်သံဃာ ၅၅ ပါးတို့အား ဆွမ်း၊ ဘောဇဉ် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်လိုက် အလှူဒါယကာ အလှူဒါယိကာမများက ဆရာတော်ဦးသုမနထံ ပင့်ဆောင်ကပ်လှူပြီး ရွှေမြင်းပျံရထားဖြင့် ပင့်ဆောင်တင်လှူကြကာ ပင့်သံဃာများက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းမင်္ဂလာ ပြုလုပ်ကာ ဘုရားစိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

## ပြည့်ဝဆီများကို
## တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
## စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ယှဉ်ပြိုင်ကပ်လှူပူဇော်ပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၇

ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ် ယှဉ်ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ရာဟုထောင့် ယာယီမဏ္ဍပ်၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် မသိုးသင်္ကန်း ရက်ခတ်ယှဉ်ပြိုင်မည့် ရက်ကန်းပညာရှင် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ယှဉ်ပြိုင်ရက်ခတ်ကြမည့် ရက္ကန်းပညာရှင်များက သတ်မှတ်စင်တော်များ၌ နေရာယူကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်္ဂလာအချိန်တွင် မင်္ဂလာအောင်မောင်းတီး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိများက မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် နေမှုများအား



ကြည့်ရှုအားပေးခဲ့ပြီး ရက်ကန်းယှဉ်ပြိုင်သည့်အဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

### ဆက်ကပ်လှူဒါန်း

အဆိုပါပြိုင်ပွဲအား ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌ (၃၅)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်တွင် ခတ္တာရက်ကန်းစင်တော်၊ ဇလပ်ရက်ကန်းစင်တော်၊ နှင်းဆီရက်ကန်းစင်တော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ မသိုးသင်္ကန်းတော်များ ကပ်လှူပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်ရှိ ဦးမောင်ကြီးတန်ဆောင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ တာဝန်ရှိသူများက အေးငြိမ်းချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရေစက်ချမင်္ဂလာ အခမ်းအနား ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများဦးဆောင်၍ ဧည့်ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယ ညောင်ပင်သာကျောင်းတိုက်ဆရာတော်ထံမှ နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီးနောက် ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည့် (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားနှင့် မြို့တော်ခန်းမ၌ ပြုလုပ်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ စာမျက်နှာ ၁၈ မှ

မြစိမ်းရောင်ရန်ပုံငွေမှ အကျိုးအမြတ်သည် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်ခံစားရမည်ဖြစ်သောကြောင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေ ရေရှည်တည်တံ့ရေးသည် စီမံကိန်းကျေးရွာရှိ ရွာသူ ရွာသားများအားလုံးအပေါ်တွင် မူတည်လျက်ရှိပါသည်။

### အကျိုးကျေးဇူးများ

မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများ သက်ဆိုင်ရာကျေးရွာများသို့ တိုက်ရိုက်လွှဲပြောင်း၍ အရင်းမပျောက်မတည်ရန်ပုံငွေ ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိလာပါသည်-

(က) ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ၎င်းတို့ရွာအတွက် စီမံကိန်းရန်ပုံငွေများ ကိုယ်တိုင်အများစုပေါင်း ဆုံးဖြတ်စီမံခန့်ခွဲလာနိုင်ခြင်း၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင်ဖွင့်လှစ်ခြင်း၊ ချက်လက်မှတ်ဖြင့်ငွေထုတ်ခြင်း၊ ချလန်ဖြင့် ငွေသွင်းခြင်းတို့ ဆောင်ရွက်တတ်လာခြင်း၊

(ဂ) ငွေသားစီမံခန့်ခွဲတတ်လာခြင်း၊

(ဃ) စာရင်းဇယားများပြုစုတတ်လာခြင်း၊ စာရင်းစစ်ဆေးမှုခံယူတတ်လာခြင်း၊

(င) အမျိုးသမီးများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာနိုင်ခြင်း၊

(စ) ကျေးရွာရှိ အခြားစီမံကိန်းလုပ်ငန်းများအတွက် စာရင်းဇယားကိစ္စများဆောင်ရွက်တတ်လာခြင်း၊

(ဆ) မြို့ပေါ်တွင် စာရင်းကိုင်၊ ငွေကိုင်အလုပ်များ ဆောင်ရွက်လာနိုင်ခြင်း၊

(ဇ) စီမံကိန်းငွေရရှိမှု၊ ချေးငွေထုတ်ချေးမှု၊ အတိုးအရင်း ပြန်လည်ကောက်ခံရရှိမှုတို့ကို ပွင့်လင်းမြင်သာစွာ ချပြတတ်လာခြင်း။

### ဆုံးရှုံးမှုလျော့နည်းစေရေး ကြိုတင်စီမံခန့်ခွဲခြင်း

စီမံကိန်းကျေးရွာများတွင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ (ဥပမာ-နယ်မြေလုံခြုံမှုမရှိခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှု၊ မီးလောင်မှု၊ ငလျင်၊ မိုးခေါင်ခြင်း၊ သီးနှံဖျက်ပိုးများကျရောက်ခြင်း) ကြုံတွေ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါက ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့များမှ မြို့နယ်လုပ်ငန်းအဖွဲ့သို့ ဆောလျင်စွာသတင်းပို့ခြင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်းအား ကောက်ယူရာတွင်လည်း အဖွဲ့ဝင်များက အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်း၊ မြို့နယ်လုပ်ငန်းအဖွဲ့မှ သေချာစွာစိစစ်၍ လိုအပ်သော အထောက်အထားများနှင့်အတူ ခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဦးစီးရုံးများမှတစ်ဆင့် ဦးစီးဌာန(ရုံးချုပ်)ထံ တင်ပြခြင်းဖြင့် ဗဟိုကြီးကြပ်မှုကော်မတီ (သို့မဟုတ်) ဦးစီးဌာန (ရုံးချုပ်)၏ ဆုံးဖြတ်လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

မြေပြင်တွင် အမှန်တကယ်ပျက်စီးဆုံးရှုံးမှုများပေါ်ပေါက်ပါက ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို သတ်မှတ်အတိုးနှုန်းအတိုင်း အများဆုံး တစ်နှစ်သက်တမ်းတိုးမြှင့်ပေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို အတိုးမဲ့ အများဆုံး တစ်နှစ်သက်တမ်းတိုးမြှင့်ပေးခြင်း၊ ချေးငွေလက်ကျန်ရှိပါက ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုများအား ငွေကျပ်တစ်သိန်းထက်မပိုသော ထပ်တိုးချေးငွေ (Supplementary Loan) ချထားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အခြားဖွံ့ဖြိုးရေးလုပ်ငန်း/စီမံကိန်းနှင့် ချိတ်ဆက်ပေးခြင်းစသည့် နည်းလမ်းများအနက်မှ သင့်လျော်ရာနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲ၊ အဟန့်အတားများ၊ ဆုံးရှုံးနိုင်ခြေ(Risk)များရှိလာနိုင်ပါသည်။ အထူးသဖြင့် စီမံကိန်းရန်ပုံငွေအား ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းများပြုလုပ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၁၊ ၃၂၊ ၃၃(ဂ)၊ ၄၀၊ ၄၁၊ ၄၆ အရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

### ရန်ပုံငွေ စဉ်ဆက်မပြတ်ရှင်သန်လည်ပတ်ရေး

စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးကာ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး၍ အိမ်ထောင်စုအလိုက်စီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရေးအတွက် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဆိုပါမတည်ရန်ပုံငွေမှ တစ်အိမ်ထောင်ချင်း မိသားစုဝင်ငွေတိုးပွားရေးဆောင်ရွက်ပြီး ကျေးရွာမတည်ရန်ပုံငွေကိုလည်း အတိုးနှုန်းသတ်မှတ်ကောက်ခံ၍ လည်ပတ်ရန်ပုံငွေများတိုးပွားလာပါသည်။

စီမံကိန်းမှရရှိသည့် အတိုးရငွေများကို ရန်ပုံငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း သုံးစွဲနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းကာလ သုံးနှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ် (သို့) အတိုးရငွေစုစုပေါင်း ကျပ် ၁၀ သန်းနှင့်အထက်ရရှိမှသာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ မြို့နယ် ၂၆၆ မြို့နယ်ရှိ စီမံကိန်းကျေးရွာ ၃၀၄၂ ရွာတို့တွင် လမ်း/တံတားလုပ်ငန်း ၁၉၀၉ ခု၊ ရေရရှိရေးလုပ်ငန်း ၂၀၂ ခု၊ မီးလင်းရေးလုပ်ငန်း ၉၄၅ ခု၊ ပညာရေးအထောက်အကူပြုလုပ်ငန်း ၁၃၆ ခု၊ စာကြည့်တိုက် ၁၃ ခု၊ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်း ကိုးခု၊ ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ၂၀၁ ခုနှင့် အခြားလုပ်ငန်းများ ၂၀၈ ခု၊ စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်း ၃၆၂၃ ခုအား စီမံကိန်းရန်ပုံငွေကျပ် ၂၆ ဒသမ ၂၁၃ ဘီလီယံ၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၃၇၉ ဘီလီယံ၊ စုစုပေါင်း ၃၉ ဒသမ ၅၉၂ ဘီလီယံဖြင့် ခွင့်ပြုဆောင်ရွက်စေခဲ့ပြီးဖြစ်ပါသည်။

စီမံကိန်းမတည်ရန်ပုံငွေများ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရေးသည် သက်ဆိုင်ရာကျေးရွာသူကျေးရွာသားများတွင် အဓိကတာဝန်ရှိပေမည်။ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးအတွက်ရည်ရွယ်၍ ကျေးရွာများသို့ ထောက်ပံ့မတည်ပေးသော အရင်းမပျောက်မတည်ရန်ပုံငွေဖြစ်သည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကူအညီများပေး၍ အနီးကပ်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းကျေးရွာသူ ကျေးရွာသားများကလည်း နိုင်ငံတော်က မတည်ပေးလိုက်သောစီမံကိန်းရန်ပုံငွေများအား လေလွင့်ဆုံးရှုံးမှုမရှိ ဆက်လက်တိုးပွားလာအောင် စိတ်ရောကိုယ်ပါစေတနာအပြည့်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# ကိုယ်ပိုင်ဉာဏ်

**ပီမိုးနှင်း**

ကြီးပွားရေးလမ်း၌ ပိတ်ဆို့ဟန့်တားသော အရာများတွင် လူအများကို ဂရုစိုက်၍နေခြင်း၊ လူတို့၏ ထင်မြင်ချက်ကို ကြောက်ခြင်း၊ လူပြောသူပြော စကားများကို သတိထားဂရုပြုလွန်းနေခြင်း တစ်ခု အပါအဝင် ဖြစ်လေသည်။

လူသည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါ ဖြစ်သော်လည်း ကိုယ်တိုင်ဆင်ခြင်တတ်သော ဉာဏ်ကို အသုံးပြုသည်ထက် အများ၏ ထင်မြင်ချက်ကို ပိုမိုလေးစား ဂရုပြုသောစိတ်က ပို၍အားကြီး လေသည်။

အများလူတို့ ဘယ်လိုတွေးကြသည်။ ငါ့ကို ဘယ်လိုလူဖြစ်သည်ဟု မှတ်ထင်ပြောဆိုကြမည် ဟူသောအကြောင်းကို လေးစားဂရုပြု၍နေသော စိတ်သည် မည်သူ့မှာမျှ လုံးလုံးကြီးမပျောက်။ မသိမသာရှိစမြဲဖြစ်လေသည်။ ထူးထူးချွန်ချွန် အထွတ်အထိပ်သို့ ပေါက်ရောက်အောင်မြင်သော သူအနည်းငယ်တို့သည် အများ၏ထင်မြင်ချက်ကို လေးစားဂရုပြုသည်ထက် ကိုယ်ပိုင်ထင်မြင်ချက်သို့ ပိုမို၍ဂရုစိုက်ရလေသည်။

လူသာမန်အပေါင်းတို့မှာ နေ့စဉ်သတင်းစာများ၊ ခေါင်းဆောင်များ၊ တရားဟောပုဂ္ဂိုလ်များ၏ ထင်မြင်ချက်များဆောင်ရာကို လေတိုက်သည့် အမှိုက်ပမာ လိုက်ပါ၍နေကြလေသည်။ ထိုလူများသည် လူသတ္တဝါများနှင့် လောကကြီးကို တိုးတက်အောင် တွန်းဆောင်ရင်း လောကကြီး၏ ဖိနှင်းကြိတ်နယ်ခြင်းများကို ခံကြရ၍ သေကျေပျက်စီးကြရလေသည်။

အမေရိကတိုက်ကိုတွေ့သော ကိုလံဘတ်သည် ထိုကဲ့သို့သောနည်းဖြင့် ကမ္ဘာ့မြေမျက်နှာပြင်ကို ချဲ့ခဲ့၏။ ကွန်ပါနီဟုခေါ်သော ပညာရှိမှာ ထိုကဲ့သို့ နည်းဖြင့် လောကကြီး၏ ကြိတ်နယ်ခြင်းကို ခံရလေရာ မီးဘေးသင့်ပြီး သေရလေသည်။

လူတို့သည် အစဉ်အလာအားဖြင့် ထူးခြားဆန်းကြယ်ခြင်းက မုန်းထားတတ်ကြလေသည်။ အစဉ်အလာနှင့် အများထင်မြင်ချက်မှာ တစ်ပါးသော အရာကို ရှေ့ကြောပင်ဟုခေါ်ကာ ဖျက်ဆီးတတ်ကြလေသည်။

နောင်ကာလကုန်လွန်မှသာ မိမိ၏အမှားကို သိကြလျက် မိမိတို့ကိုယ်တိုင် နှိပ်စက်ဖျက်ဆီးခဲ့သော ပုဂ္ဂိုလ်များကို ရုပ်တုလုပ်ကာ ပလ္လင်ပေါ်မှာတင်၍ ရှိခိုးတတ်ကြလေသည်။

အမျိုးသားကို ကယ်ဆယ်လိုသော နိုင်ငံခေါင်းဆောင်တို့မှာ အမျိုးသား၏ ချီးမြှောက်ပူဇော်ခြင်းကို မသေမီခံရသော မျိုးချစ်ပုဂ္ဂိုလ်အစစ် နည်းပါးလေသည်။

ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင် ကြံစည်ကြိုးစားသူတို့မှာလည်း အများနှင့်မတူသော တွေးခေါ်ထင်မြင်ချက်ကို အသုံးပြုကာ အများမဝံ့သောအရာများကို စွန့်စားလုပ်ကိုင်ကြရလေသည်။

သို့လုပ်ကိုင်ရာ၌ အများနှင့်တစ်ယောက် တိုက်ခိုက်ရလေရာ ထိုတိုက်ခိုက်ပွဲကိုနိုင်မှ အထွတ်အထိပ်သို့ရောက်၍ ရွှေထီးဆောင်းရလေသည်။ ရှုံးလျှင် မြေကြီးဖြစ်ရလေသည်။

အလွန်အကြူး အထူးမြင့်မြတ်လိုသူများ၊ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရဲသောသူများအတွက် ကြီးကြီးကျယ်ကျယ်ဖြစ်ဖို့လမ်းတွေ များစွာရှိလေရာ ဒေဝဒတ်အကြံကြီးသူ အရှုးဟုခေါ်ခြင်းများကို မကြောက်လျှင် လူမနေသေးသော တောတောင် ဟူသမျှကို အစိုးရနိုင်လေသည်။ လူတို့သည် အများအားဖြင့် ကျွဲ၊ နွားများလို အုပ်နှင့်သွား၊ အုပ်နှင့်စား၊ အုပ်နှင့်နေချင်ကြလေသည်။ တစ်ယောက်တည်း လွတ်ကျွတ်စွာ ကြံစည်ဝံ့သူကား နည်းပါးလေသည်။

မကျိုးမကန်း မရူးမသွပ် ကျန်းမာသော လူတစ်ယောက်မှာ အများမကြံသော အကြံ၊ အများမလုပ်သော အလုပ်များကို လုပ်ရဲကြချေက ၎င်းတို့ အတွက် ကမ္ဘာမြေကြီးသည် စားကျက်လွန်စွာ ကျယ်သဖြင့် "ပြေးစရာမြေမရှိ ပေးစရာငွေမရှိ" ဟူသောစကားသည် မဟုတ်မမှန်သောစကား ဖြစ်သွားပေသည်။

အနုစိတ်၍မြင်သောဉာဏ်သာ လိုလေသည်။ လက်နက်ကိရိယာစုံ၍ ကျန်းမာသန်စွမ်းသော လူတစ်ယောက်သည် လူသူမနေသော တောတောင် ကိုသွားပြီး လက်ထဲ၌ ပိုက်ဆံတစ်ပြားမှမပါစေကာမူ မငတ်နိုင်၊ ၎င်းတို့ရှိရာသို့ လူပေါင်းများစွာ စုရုံး လိုက်ပါပြီး ရတနာရွှေငွေပုံ၍ ပေးကြရအောင် ပထဝီ မြေကြီး၏ရင်ခွင်ကို ခွဲထုတ်ကာ အဖိုးတန်ဥစ္စာတွေ ဖော်နိုင်ကြလေသည်။ စဉ်းစားဉာဏ်မီအောင် ဉာဏ်မျက်စိကိုသာ သုံးရန်လိုလေသည်။ ဘာကို လုပ်ရမလဲ ပြော၍ပြပါဟု ပြောလာချေက ထိုကဲ့သို့ မေးသူမှာ ဉာဏ်မျက်စိကန်းသူ ဖြစ်လေသည်။ ထူးချွန်စွာ မကြံတတ်သူဖြစ်သည်ဟူ၍သာ ဆိုဖွယ်ရာ ရှိပေသတည်း။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**ဉာဏ်အမြော်အမြင်ရှိပါစေ**

"ကိုယ့်အကြောင်းကို ကိုယ်သိအောင်လုပ်ပါ။ အဲဒါဟာ ဉာဏ်ပညာအမြော်အမြင်ရရှိစေတဲ့ ပထမ အလုပ်ပါပဲ"

**အရစ္စတိုတယ်(ဘီစီ ၃၈၄-၃၂၂)**



အောင်မြင်၊ ကြီးပွားချမ်းသာသော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ရန်အတွက် ဉာဏ်အမြော်အမြင်ရှိရန် အရေးကြီးပေသည်။ သို့အတွက် ကြိုးစားမှု၊ ရုန်းကန်မှု၊ ဝီရိယစိုက်ထုတ်မှုတို့ကို မလျှော့ဘဲ ကြိုးစားရုန်းကန်ကြရာတွင် ဉာဏ်ပညာအမြော်အမြင်ရှိသူကသာ ရှေ့တန်းကိုရောက်ရှိကာ အောင်မြင်မှုသရဖူကို ရရှိပိုင်ဆိုင်နိုင်ကြသည်။

ခေါမ တွေးခေါ်ပညာရှင် အရစ္စတိုတယ် (Aristotle) က ဉာဏ်ပညာအမြော်အမြင်ရှိစေရန် အတွက် ပထမဆုံးလုပ်ဆောင်ရမည့်အချက်ကို မိန့်ဆို ခဲ့သည်။

"ကိုယ့်အကြောင်းကို ကိုယ်သိအောင်လုပ်ပါ။ အဲဒါဟာ ဉာဏ်ပညာအမြော်အမြင်ရရှိစေတဲ့ ပထမ အလုပ်ပါပဲ"ဟူ၍ ဖြစ်သည်။

ကိုယ့်အကြောင်းကို ကိုယ်သိအောင်လုပ်မည်ဟု ဆိုလိုရင်းဖြစ်သည်။ မည်သည်ကိုသိအောင် လုပ်ရမည်နည်းဟုဆိုလျှင် မိမိအကြောင်းသိရှိအောင်လုပ်ရန် များစွာရှိပေသည်။ ယင်းတို့မှာ မိမိ၏အမှန်တကယ် အကြောင်းအရာများကို သိရှိရန်လိုအပ်သည်။ မိမိ၏ ရည်မှန်းချက်၊ မိမိ၏ဆန္ဒ၊ မိမိ၏အနာဂတ်၊ မိမိ၏ ပန်းတိုင်တို့ပင်ဖြစ်သည်။

မိမိအနေဖြင့် ဘာများလိုလားသနည်းဟူသည် က အဖြေဖြစ်သည်။ သို့မှသာ ရှေ့ဆက်လုပ်ဆောင် ရမည့် အရေးကိစ္စများအားလုံးသည် ယင်းအပေါ်တွင် အခြေခံသည်။

မိမိ၏ရည်မှန်းချက်၊ မိမိ၏ဆန္ဒ၊ မိမိ၏အနာဂတ်၊ မိမိ၏ပန်းတိုင်ဟူသည်တို့သည်ကား ငယ်နုစဉ်အချိန် ကတည်းက မိမိကိုယ်ကိုသိရှိနေရမည်။ မိမိ၏ အကြောင်းကို သိရှိရန်လိုသည်။ မိမိ၏အကြောင်းကို မိမိကိုယ်တိုင်က သိရှိနေပါမှသာ မိမိဘဝ၏အောင်မြင် မှုကိုရရှိအောင် စွမ်းဆောင်နိုင်မည်လည်းဖြစ်သည်။

ထို့ကြောင့် မိမိ၏မျှော်မှန်းချက်ဟူသမျှကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် အခက် အခဲတို့အား ရဲရဲရင်ဆိုင်ဖြတ်သန်းကြရမည်။ ရည်မှန်း ချက်ပန်းတိုင်ဟူသည် လွယ်လွယ်ကူကူဖြင့် ရရှိ ရောက်ရှိကြရသည်မဟုတ်။ ပင်ပန်းဆင်းရဲခံကာ ကျားကုတ်ကျားခဲ ကြိုးစားရုန်းကန်ကြရသည်ချည်း ဖြစ်သည်။ ငယ်နုစဉ်အရွယ်ကတည်းက အသက် အရွယ်အလိုက် ကြိုးစားရုန်းကန်ရမည့်အခြေအနေ မှန်သမျှကို လုပ်ဆောင်ရပေမည်။

သို့မှသာ သူ့အရွယ်နှင့်သူရရှိမည့် အောင်မြင်မှု အသီးအပွင့်တို့ကို ခံစားကြရမည်လည်းဖြစ်သည်။

ပထမအရွယ်မှာ ပညာရှာရာတွင် အတန်းစဉ် အောင်မြင်မှုရရှိရမည့်အပြင် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ရန်လည်း လိုအပ် သည်။ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူ၍ အောင်မြင်မှုများလည်း ဆက်တိုက်ရရှိနေပါမှသာ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။

ဘဝ၏ ပထမဦးစွာဖြတ်သန်းကြရသည့် အစိတ် အပိုင်းကာလသည် များစွာတန်ဖိုးရှိလှသည်။ ယင်းတို့ မှာ အသက်အရွယ်နှင့် အချိန်ကာလပင်ဖြစ်သည်။ ထိုအချိန်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးမချ နိုင်သူများသည် ရည်မှန်းချက်မပြည့်ဝမှုနှင့်သာ ဖြေသိမ့်ကြရသည်။ ကုန်လွန်သွားသည့် အချိန်ကာလ များကိုလည်း နောင်မှသာ နှောင်းနောင်တကိုရရှိကြ ရလေသည်။ မိမိနှင့်ရွယ်တူ သူငယ်ချင်းများသည် တဖြည်းဖြည်းဝေးကွာသွားရကာ ဘဝဖြတ်သန်းမှုတို့ သည်လည်း မိုးနှင့်မြေပမာ ကွာခြားသွားကြရ လေသည်။

ထို့ကြောင့် မိမိဘဝ၏အကြောင်း၊ မိမိဘဝ၏ အခြေအနေမှန်ကို သိရှိကာ တိုးတက်ရာတိုးတက် ကြောင်းကို အစဉ်ရှာဖွေကြိုးစားနေကြရမည်လည်း ဖြစ်သည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရာတွင် မိမိစိတ်စွမ်းအားကို အသုံးချကာ တွန်းအားပေးနိုင် ရမည်။ သို့အတွက် စိတ်စွမ်းအားကို မောင်းနှင်နိုင်ရန်၊ ထိန်းကျောင်းနိုင်ရန် အဓိက စာဖတ်ရပေမည်။ စာဖတ်ခြင်းစွမ်းအားမှရရှိသော ပညာနှင့် အတွေး အမြင်တို့ကို အသုံးချကာ မိမိဘဝ၏ အပြောင်းအလဲ ကို ဖန်တီးတည်ဆောက်ရယူနိုင်ရန်လိုသည်။

"ပညာသည် စာအုပ်များထဲ၌သာရှိသည်မဟုတ်။ စာအုပ်ကိုကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင် ရပေမည်။ ပညာသည် လူတို့၏ဉာဏ်ကိုသာ ပြုပြင် တိုးချဲ့ရုံသာမဟုတ်။ လူ၏စိတ်နေစိတ်ထား အယူ အဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ ဆန္ဒအား၊ လုပ်အားကိုလည်း နှုးညွတ်စေရမည်။ ရာဇဝင်ကို သိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးစေ ရမည်"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း(၁၉၁၅-၁၉၄၇) က သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ရေးသားဖော်ပြခဲ့သည်။

သို့ဖြစ်၍ ဘဝကို အောင်မြင်ကြီးပွားချမ်းသာ လိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များ နှင့် လူတိုင်းလူတိုင်းသည် မိမိအကြောင်းကို ဦးစွာ သိရှိနားလည်ပြီး မိမိ၏ရာဇဝင်ကိုဖန်တီးတည်ဆောက် နိုင်ရပေမည်။ အသစ်အသစ်သော ရာဇဝင်သစ်များကို ဖြစ်စေသည့် အခြေအနေတစ်ရပ်ကို ဖန်တီး တည်ဆောက်နိုင်ရန် ကြိုးစားအားထုတ်ရမည်လည်း ဖြစ်သည်။

မိမိ၏ဘဝအောင်မြင်မှု၊ ကြီးပွားချမ်းသာမှု ရာဇဝင်သစ်ကို မော်ကွန်းရေးထိုးနိုင်ရမည်ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းဖော်ညွှန်းခဲ့သည်ဖြစ်ရာ ထိုစကား၏ အနှစ်သာရကို ပညာဉာဏ် အမြော်အမြင်ကြီးစွာဖြင့် တွေးဆဖော်ကျူးပြီး ဖွဲ့လုံ့လ၊ ဝီရိယတို့ကိုအသုံးပြု၍ ကြိုးစားရုန်းကန်လုပ်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာမည်ဖြစ်ပေ တော့သည်။ ။

# သမိုင်းကောင်းသူဖြစ်ချင်သလား

မောင်ထူးချွန်




လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်ရေးနေကြတဲ့ သမိုင်းရေးဆရာတွေပါပဲ။ သမိုင်းကောင်းကိုတော့ ကိုယ်တိုင်ပဲဖန်တီးနိုင်တာဖြစ်တယ်။

လူတစ်ယောက် သမိုင်းကောင်းဖို့ကတော့ ဘဝတစ်လျှောက်၊ ဖြတ်သန်းမှုတစ်လျှောက် ကောင်းမွန်နေဖို့တော့ လိုတာပေါ့ကွယ်။ ဘယ်လိုကောင်းမွန်နေရမှာလဲ။ မေးစမ်းလိုစိတ် ဖြစ်ပေါ်နေမယ်ထင်ပါတယ်။ သိချင်နေမယ် ထင်ပါတယ်။ မောင်တို့မယ်တို့အနေနဲ့ သမိုင်းကောင်းသူဖြစ်ချင်သလားဆိုရင် သမိုင်းကောင်းသူဖြစ်ချင်ကြမှာပါပဲ။

ဒါကလည်းရှင်းပါတယ်။ လူတိုင်းလူတိုင်းကတော့ သမိုင်းကောင်းကိုသာ လက်ဆင့်ကမ်းသယ်ဆောင်လိုကြတာပေါ့။

ကိုယ့်သမိုင်းကောင်းဖို့ရာ ကိုယ်ကိုယ်တိုင်လုပ်ဆောင်မှသာ ဖြစ်နိုင်တာမို့လို့ ကိုယ်တိုင်ဖန်တီးပါ။ ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးလိုက်တာပါပဲ။

ဒီနေရာမှာ သမိုင်းကောင်းဖြစ်ဖို့အတွက် ပတ်ဝန်းကျင်ကောင်းကို ဦးစွာဖန်တီးတည်ဆောက်ရမယ်။ မိမိပတ်ဝန်းကျင်ကိုကောင်းအောင် ဖန်တီးနိုင်ရင် မိမိသမိုင်းဟာ ကောင်းမှာပါ။ မိမိကိုယ်တိုင်နဲ့သာ သက်ဆိုင်တယ်။ မိမိအပေါ်မှာသာ မူတည်တယ်။

သမိုင်းကောင်းဖြစ်ဖို့ ဖန်တီးတဲ့အခါ ကျင့်ဆောင်ရမယ့်အရာတွေရှိတယ်။

၁။ ကူညီပါ

၂။ စိတ်ရှည်ပါ

၃။ သည်းခံပါ

၄။ မေတ္တာထားပါ

၅။ မျှဝေပါ

ဒီအချက် ငါးချက်က အဓိကကျပါတယ်။ မောင်တို့မယ်တို့ လိုက်နာကျင့်ဆောင်ကြည့်လိုက်ပါ။ ထူးခြားတဲ့အကျိုးကို ရရှိလာပါလိမ့်မယ်။

ကူညီပါဆိုတော့ ဘယ်လိုကူညီရမှာလဲဆိုရင် အနီးဆုံးပတ်ဝန်းကျင်ကနေ စတင်ပါ။ မိမိအနီးအနားဖြစ်တဲ့ မိဘကိုကူညီလိုက်ပါ။ မိဘကို အမြဲတမ်းကူညီမှုကြောင့် မိဘကိုကူညီသူရယ်လို့ မိဘကသိလာမယ်။ မိဘကသိလာရင် ညီအစ်ကိုမောင်နှမတွေက သိလာမယ်။ နောက်ဆုံး ဆွေမျိုးတွေအပါအဝင် ပတ်ဝန်းကျင်ကပါ သိလာမယ်။ ဒါဆိုရင် မိမိရဲ့သမိုင်းတစ်ကွေ့က ကောင်းမွန်နေပြီပေ့ါ။

ဒါတင်ဘယ်ကမလဲ၊ ပတ်ဝန်းကျင်မှာ ဆက်ဆံတဲ့အခါ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကြင်နာစိတ်၊ စာနာစိတ်တွေသာ ထားပေးလိုက်စမ်းပါ။ လူမှုဆက်ဆံရေးမှာ အောင်မြင်လာမှာပါပဲ။

လူအများစုက ကိုယ်ကျိုးစွန့် အနစ်နာခံပေးဆပ်ရမယ့်ကိစ္စတွေမှာ ဝန်လေးတတ်ကြတယ်။ အဲဒါကိုသိထားရင် ကိုယ်ကျိုးမပါဘဲ သူတစ်ပါးအတွက် စဉ်းစားပေးတာ၊ ကူညီပေးတာ၊ နားလည်မှုပေးတာ၊ ဖေးမအားပေးတာဟာ အကောင်းဆုံးကူညီပေးမှုတွေပါပဲ။ လုပ်ဆောင်ကြည့်လိုက်ပါ။ တကယ်အောင်မြင်မှုရရှိလာမှာပါပဲ။

စိတ်ရှည်ဖို့ဆိုတာလည်း လူတိုင်းလုပ်ဆောင်နိုင်တဲ့အရာတော့ မဟုတ်ဘူး။ စိတ်ရှည်နိုင်သမျှရှည်အောင် စိတ်ကိုထိန်းကျောင်းလိုက်ပါ။ ထစ်ခနဲဆိုစိတ်မတိုပါနဲ့။ စိတ်မတိုမှုကြောင့် ဒေါသဆိုတာဖြစ်မလာနိုင်တော့ဘူး။ ဒေါသမပါတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုက ပိုလာမှာပဲ။ ချစ်ကြည်ရင်းနှီးရာကနေ သံယောဇဉ်ဆိုတာဖြစ်လာရတယ်။ ဆက်ဆံမှုတွေ ပိုမိုခိုင်မြဲလာတာပေ့ါ။

သည်းခံဖို့အရာကတော့ ရာခိုင်နှုန်းအတော်များများ မလုပ်ဆောင်နိုင်ကြပေဘူး။ စိတ်ရှည်နိုင်လာရင်တော့ သည်းခံနိုင်စိတ်က အလိုလိုဖြစ်တည်လာပါတယ်။ "စိတ်ရှည်သည်းခံလမ်းကြောင်းမှန်"လို့ ဆိုထားတယ်လေ။ သည်းခံခြင်းဟာ အောင်မြင်ခြင်းလို့ မြတ်စွာဘုရားရှင်ကလည်း မိန့်ကြားထားတယ်။ သည်းခံနိုင်စွမ်းအားကြီးသူဟာ အရာရာကို အောင်မြင်မှာပါပဲဆိုတာ ယုံမှားသံသယဖြစ်စရာမလိုဘူးကွယ့်။

မေတ္တာထားမှုကြောင့် မေတ္တာရရှိတယ်။ သတ္တဝါအားလုံးကို မေတ္တာထားခြင်းဟာ ကောင်းမြတ်တဲ့မင်္ဂလာဖြစ်တယ်။ မေတ္တာကြောင့် ဒေါသတွေကင်းလာမယ်၊ မောဟတွေ ကင်းလာမယ်၊ ခက်ထန်ရန်လိုမှုတွေ ကင်းလာမယ်၊ စာနာမှု၊ ကြင်နာမှု၊ နားလည်မှုရှိလာတဲ့အခါ ဗြဟ္မစိုရ်တရားတွေပွားလာမယ်။ ဒါဆိုရင် စိတ်ကကြည်လင်အေးချမ်းပေ့ါပါးလာမယ်။ စိတ်ချမ်းသာလာမယ်ပေ့ါ။

မျှဝေတယ်ဆိုတဲ့စကားလုံးက နားဝင်ချိုပေမယ့် တကယ်တမ်းမှာ မလွယ်ကူလှပေဘူး။ ကိုယ့်မှာရှိတဲ့ မြင်နိုင်တဲ့အရာမှန်သမျှကို သူတစ်ပါးကို မျှဝေဖို့ဆိုတာ အင်မတန်ကိုခက်ခဲတယ်။ ဒါပေမဲ့ စကားအရာအနေနဲ့ သုံးနှုန်းလို့တော့ သိပ်ကောင်းတယ်၊ သိပ်ပြီးလည်းတွင်ကျယ်တယ်။ မမြင်နိုင်တဲ့အရာတွေဖြစ်တဲ့ ပညာပိုင်းဆိုင်ရာတွေ၊ အသိအလိမ္မာတွေစတဲ့ လက်တွေ့နယ်ပယ်မှာ မျှဝေဖို့ တွန့်တိုတတ်ကြတယ်။ အချင်းချင်း မျှဝေနိုင်ဖို့ရာ အတော်စိတ်ထားဖြူစင်မှရတယ်။ မုဒိတာပွားနိုင်ပါမှ မျှဝေနိုင်ကြတာ။ မိမိရဲ့အနီးဆုံး ပတ်ဝန်းကျင်မှာ မျှဝေတတ်သူဟာ ဘယ်အရာကိုပဲ မျှဝေတာဖြစ်ပါစေ အကျိုးကျေးဇူး ဦးစွာရရှိပါတယ်။

ကူညီတယ်၊ စိတ်ရှည်တယ်၊ သည်းခံတယ်၊ မေတ္တာထားတယ်၊ မျှဝေတယ်ဆိုတဲ့သူတွေဟာ မိတ်ဆွေပေါများတယ်။ လူချစ်လူခင်ပေါတယ်။ အချင်းချင်းလေးစားခံရတယ်။ ယုံကြည်စိတ်သဒ္ဓါကိုလည်း ရရှိလာစေတယ်။ ဝန်းကျင်တစ်ခုလုံးက တန်ဖိုးထားလာစေတယ်။ အဲဒါကြောင့် ဘဝရပ်တည်မှုဟာ ကြီးကျယ်မြင့်မားလာမယ်။

အများက နားလည်တယ်၊ လေးစားယုံကြည်လာတယ်ဆိုရင် လူဖြစ်ရတဲ့ဘဝဟာ တင့်တယ်လာတာပါပဲ။

ဘဝဖြတ်သန်းမှုမှာ လူ့ကျင့်ဝတ်တွေကို တန်ဖိုးထားလိုက်နာတယ်၊ ဂုဏ်သိက္ခာမြင့်မားတယ်၊ လူ့စာရိတ္တကောင်းမွန်တယ်ဆိုရင် လူဖြစ်ရကျိုးနပ်ပြီပေ့ါ။ လူ့သမိုင်းကြောင်းဟာလည်း လှပလာတော့တာပေ့ါ။ ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဖော်ပြပါနည်းနာတွေကို လိုက်နာကျင့်ဆောင်နိုင်ခြင်းကြောင့် လူ့သမိုင်းကြောင်းကောင်းမွန်မှုကို ခံစားရပြီး သမိုင်းကောင်းသူတွေဖြစ်လာတော့မှာပေ့ါကွယ်။ ။

# အကြောင်းအကျိုးမဲ့ ရယ်မောပါ

အောင်မြတ်စည်သူ

သရုပ်ဆောင်တစ်ယောက်ဖြစ်လိုက်ပါ။ ရုပ်ရှင်မင်းသားတစ်ယောက်၊ အဆိုတော်တစ်ယောက်ဖြစ်လိုက်ပါ။ သင်ခံစားချင်သည့် အနေအထားကို သင် ခံစားနေရပြီးအသွင်ဖမ်းပါ။ ခံစားချက်က သင့်ကို လှုံ့ဆော်သည်အထိ မစောင့်ပါနှင့်။ ကာလကြာမြင့်စွာ စောင့်စားရမှု ဖြစ်နိုင်သည်။ အမေရိကန်ဒဿနပညာရှင်ကြီး ဝီလျံဂျိမ်းစ်က ဤအချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သည်။

"ကျွန်တော်တို့သည် ပျော်ရွှင်စွာ တေးသီချင်းဆိုကြသည်မဟုတ်ချေ။ တေးသီချင်းဆိုကြ၍ ပျော်ရွှင်ပေသည်။"

ကျွန်တော်တို့သည် ပျော်ရွှင်မှုကဲ့သို့သောခံစားချက် ပထမ လာသည်ဟု ယုံကြည်ကြသည်။ ထို့နောက် ထိုခံစားချက်နှင့် အံဝင်ခွင်ကျ တုံ့ပြန်ပြုမူကြသည်။ ဤသို့မဟုတ်ဟု ဂျိမ်းစ်ကဆိုပေသည်။ ခံစားချက်၏ ပြုလုပ်မှုနှင့်အတူ တစ်ပြိုင်နက်တည်းပေါ်ပေါက်လာသည်။ သို့ဖြင့် သင်တက်ကြွလိုပါလျှင် သင်တက်ကြွနေပြီဟု ပုံဖမ်းခြင်းဖြင့် တက်ကြွလာနိုင်သည်။ တစ်ခါတစ်ရံတွင် ငါးမိနစ်မျှသာကြာသည်။ တစ်ခါတစ်ရံတွင် ရင်တစ်ခုန်သာကြာသည်။ သို့သော် သင်မည်မျှပေါက်ပေါက်ရှာရှာ ခံစားရသည်ပင်ဖြစ်စေ ယင်းနှင့်စွဲမြဲနေပါလျှင် အလုပ်ဖြစ်သည်။ ပေါက်ပေါက်ရှာရှာ ခံစားလိုက်ပါ။ သင်ပျော်ရွှင်လိုပါလျှင် သင်သိသော ပျော်စရာအကောင်းဆုံးတေးသီချင်းကို ရှာဖွေ၍ သီဆိုလိုက်ပါ။ အလုပ်ဖြစ်ပါသည်။ ဗွေဆော်ဦးစစချင်းတွင် အမြဲဖြစ်ချင်မှ ဖြစ်မည်ဖြစ်သော်လည်း သင်စွဲစွဲမြဲမြဲ ပြုလုပ်လျှင် အလုပ်ဖြစ်သည်။ တကယ်ဖြစ်လာသည်အထိ ဟန်ဆောင်ပြကြည့်လိုက်ပါ။ မကြာမီတွင် သင်ပျော်ရွှင်စွာ တေးဆိုမှုသည် သင့်ခံစားချက်ကို သင်မည်မျှနိုင်နင်းကြောင်းပြသပေမည်။

ဇင်ဘာသာဝင် ဘုန်းကြီးများသည် အားလုံးစက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းထိုင်၍ ရယ်မောရန်ပြင်ဆင်ကြသော ရယ်မောမှုကမ္မဋ္ဌာန်းထိုင်မှု ပြုကြသည်။ သတ်မှတ်ချိန်တွင် ဆရာတော်ဘုန်းကြီးက မောင်းတစ်ချက်ခတ်လိုက်ပြီး ဘုန်းကြီးအားလုံး ရယ်မောကြသည်။ ရယ်ချင်စိတ်ရှိရှိ၊ မရှိရှိ ရယ်မောကြရသည်။ သို့သော် မိနစ်အနည်းငယ်အကြာတွင် ရယ်မောမှုသည် ကူးစက်ဖြစ်ထွန်းသွားသည်။ မကြာမီကာလတွင် ဘုန်းကြီးအားလုံး အမှန်တကယ် အားရပါးရ ရယ်မောဟားတိုက်နေကြပေသည်။ ကလေးများသည် ဤသို့ပြုကြသည်။ သူတို့သည် အကြောင်းမဲ့ တခစ်ခစ်ရယ်ကြသည်။ (ညနေ ထမင်းစားပွဲတွင်ဖြစ်စေ၊ တားမြစ်ထားသည့်နေရာတစ်နေရာတွင်ဖြစ်စေ တခစ်ခစ်ရယ်မောခြင်းကပင် သူတို့ကိုရယ်မောစေသည်) အမှန်ကား ရယ်မောခြင်းက သင့်ကို ရယ်မောစေနိုင်သည်။ ပျော်ရွှင်မှု၏ လျှို့ဝှက်ချက်သည် ထိုနောက်ဆုံးဝါကျတွင် ကွယ်ဝှက်နေသည်။

လူကြီးများကမူ ဤအခြေအနေမျိုးကို ဘဝင်မကျတတ်ချေ။ ကလေးများအား ရယ်မောစရာရှိစေချင်သည်။ ကျွန်တော့်ကလေးများကို ကျွန်တော်တို့ ဆွေမျိုးသားချင်းဆီ အလည်ပို့သည့်အခါ ခရီးရှည်တွင် ကျွန်တော် ကားမောင်းလေ့ရှိပြီး ထိုသို့ခရီးစဉ်တွင် ကလေးများ နောက်ထိုင်ခုံတွင်ထိုင်၍ အကြောင်းမဲ့ တခစ်ခစ်ရယ်မောလာကြပါလျှင် ကျွန်တော် စိတ်တိုလာလေ့ရှိသည်။ ထိုရယ်သံတိတ်စေရန် လက်ပြန်လွှဲရိုက်သည့်အကျင့် ကျွန်တော်ကျွမ်းကျင်လာခဲ့သည်။

"မင်းတို့ ဘာလို့ရယ်နေကြတာလဲ။ မင်းတို့ ရယ်စရာအကြောင်း မရှိဘူး။ ဒါ အန္တရာယ်များတဲ့ အဝေးပြေးလမ်း ငါကားမောင်းနေတယ်"ဟု ကျွန်တော်ဟောက်လေ့ရှိခဲ့သည်။

သို့သော် ကျွန်တော်ကဲ့သို့ပင် လူကြီးများသည် ထိုအလိုလို ပေါ်ပေါက်လာသော ပျော်ရွှင်စိတ်ကို ပြန်လိုချင်စိတ်ရှိနိုင်သည်။ "ငါ့ကို သီချင်းဆိုချင်စိတ် ပေါ်လာစေတဲ့အရာကဘာလဲ"ဟူသော မေးခွန်းကို ကျွန်တော်တို့ ရင်ဆိုင်ချင်နိုင်သည်။ ထို့နောက် အဖြေသိကောင်း သိလာနိုင်သည်။ သီချင်းဆိုခြင်း၊ သင့်ကို ကချင်စိတ်ပေါ်အောင်မည်သည့်အရာက ပြုပါသနည်း။ ကခုန်ခြင်းပင် နောက်တစ်ကြိမ် သင်တစ်စုံတစ်ယောက်ကို ကရန်ဖိတ်ခေါ်၍ ထိုသူက "ကျွန်မ ကချင်စိတ် မရှိဘူး"ဟု ဖြေကြားခဲ့ပါလျှင် သင်က "မင်း…ကမနေသေးလို့ပါ"ဟု တုံ့ပြန်နိုင်ကောင်းသည်။

Ref: Laugh for no reason by Steve Chandler

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၉၅၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၇၄,၇၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၃၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၅၅၉)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၅) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၆၄၇၈၁၂ | ၉၇၂၀၆၉၆၀ | ၁၀၉၈၂၃၅ |
| ၂။ | အိန္ဒိယ | ၄၄၆၆၁၅၁၆ | ၄၄၁၁၆၄၉၂ | ၅၃၀၅၀၉ |
| ၃။ | ပြင်သစ် | ၃၆၉၄၆၉၀၄ | ၃၆၁၁၀၇၅၁ | ၁၅၇၂၇၇ |
| ၄။ | ဂျာမနီ | ၃၅၈၂၃၇၇၁ | ၃၄၅၀၉၅၀၀ | ၁၅၄၅၃၅ |
| ၅။ | ဘရာဇီး | ၃၄၈၉၂၈၇၁ | ၃၄၀၆၇၆၉၅ | ၆၈၈၄၂၅ |
| ၆။ | တောင်ကိုရီးယား | ၂၅၈၅၆၉၁၀ | ၂၅၁၉၀၁၇၄ | ၂၉၃၉၀ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၅၉၃၄၇၅ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၁၇၉၄၃၆ |
| ၉။ | ဂျပန် | ၂၂၇၀၆၅၆၆ | ၂၀၅၂၄၈၅၅ | ၄၇၀၆၉ |
| ၁၀။ | ရုရှား | ၂၁၄၆၈၂၇၁ | ၂၀၈၆၀၂၇၇ | ၃၉၀၆၄၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၆၂၁၄ | ၁၀၆၀၄၇၈၁ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၂၁၂၉၂ | ၆၃၂၅၄၁၅ | ၁၅၈၈၂၉ |
| ၃။ | မလေးရှား | ၄၉၂၇၄၅၁ | ၄၈၅၄၂၄၈ | ၃၆၄၈၇ |
| ၄။ | ထိုင်း | ၄၆၉၅၂၀၇ | ၄၆၄၉၅၀၉ | ၃၂၉၉၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၉၄၆၆ | ၃၉၂၈၅၇၇ | ၆၄၂၇၄ |
| ၆။ | စင်ကာပူ | ၂၁၂၃၃၂၈ | ၂၀၄၃၀၂၁ | ၁၆၈၇ |
| ၇။ | မြန်မာ | ၆၃၂၃၁၈ | ၆၀၆၅၅၉ | ၁၉၄၈၅ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၈၆ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၆ | ၁၃၄၉၃၄ | ၃၀၅၆ |

## မော်လမြိုင်ကျွန်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၃)ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၃)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော ရဲဗလတံဆိပ်ရ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းကိုယ်စား မိသားစုဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ နှစ်ပတ်လည်အထိမ်းအမှတ် ဘောလုံးအားကစားပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အမှတ်(၅)နယ်မြေနှင့် ဒုတိယဆုရရှိသော အမှတ်(၄) နယ်မြေကိုယ်စားပြု ဘောလုံးအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အမှတ်တရလက်ဆောင်နှင့် တူညီဝတ်စုံများပေးအပ်ခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အငြိမ်းစားဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်



ရေးမှူး ဦးသီဟဇော်နှင့် ဇနီး ဒေါ်ခင်မာမူနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသူများအား ကြာဆံချက်ဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဝန်ထမ်းများအတွက် အမှတ်တရလက်ဆောင် ကံစမ်းမဲဖောက်ပေးခြင်းကို ဆောင်ရွက်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ အမှတ်တရ ကံစမ်းမဲဖောက်ပေးခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်းအတွက် စုစုပေါင်းငွေကျပ် ၆၉၉၀၂၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်အောင်(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကပျမ်းမျှအထွက်နှုန်း ၁၂၆ ဒသမ ၄၈ တင်း ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာရှိ တောင်သူ ဦးအောင်ချစ်၏ လယ်မြေ ၁၆ ဧကတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခ သုည ဒသမ ၁၀ ဧကရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၂၆ ဒသမ ၄၈ တင်း၊ ပေါ်ဆန်း သုည ဒသမ ၁၀ ဧကရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၈ ဒသမ ၈၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ ရွှေနံ့သာကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါးမျိုးကွဲပေါင်း ၂၀ ကျော်စိုက်ပျိုး

**စစ်ကိုင်း နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါးစိုက်ပျိုးရန် ဧက ၁၈၁၉၅၀၀ လျာထားပြီး ယနေ့ထိ မိုးစပါးဧကပေါင်း ၁၈၁၉၉၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသဖြင့် လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့သည်။ စပါးမျိုးကွဲပေါင်း ၂၀ ခန့်စိုက်ပျိုးခဲ့သော်လည်း အများဆုံးစိုက်ပျိုးသည့် စပါးမျိုးမှာ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံစားသုံးနေသော ဧရာမင်းစပါးမျိုးဖြစ်ပြီး ဧကပေါင်း ၆ ဒသမ ၅ သိန်းကျော်စိုက်ပျိုးခဲ့သည်။ အများဆုံးစိုက်ပျိုးသော ခရိုင်မှာ ရေဦးခရိုင်ဖြစ်၍ ဧကပေါင်း ၁ ဒသမ ၄ သိန်းကျော်နှင့် ကန့်ဘလူခရိုင်တွင် ဧကပေါင်း ၁ ဒသမ ၁ သိန်း ကျော်စိုက်ပျိုးခဲ့သည်။ ဒုတိယအများဆုံး စိုက်ပျိုးသည့် စပါးမျိုးမှာ စစ်ကိုင်းတိုင်းဒေသကြီး၏ မင်းသားကြီး ရွှေဘိုပေါ်ဆန်းစပါးမျိုးဖြစ်ကာ ဧကပေါင်း ၃ ဒသမ ၅ သိန်းကျော်စိုက်ပျိုးခဲ့ပြီး ရွှေဘိုခရိုင်တွင် ဧကပေါင်း ၂ ဒသမ ၂ သိန်းကျော်နှင့် ရေဦးခရိုင်တွင် ဧကပေါင်း တစ်သိန်းကျော်စိုက်ပျိုးခဲ့ကြောင်း၊ တတိယအများဆုံးစိုက်ပျိုးသည့်စပါးမျိုးမှာ ဆင်းရေး-၃ စပါးမျိုးဖြစ်ပြီး ဧကပေါင်း ၂ ဒသမ ၆ သိန်းကျော်စိုက်ပျိုးခဲ့ကာ ကသာခရိုင်တွင် ဧကပေါင်း ၁ ဒသမ ၂ သိန်းကျော်နှင့် ကောလင်းခရိုင်တွင် ဧကပေါင်း ခြောက်သောင်းကျော်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အခြားစိုက်ပျိုးသည့် စပါးမျိုးကွဲများမှာ မော်ဘီ၊ ဆင်းသုခ၊ မနောသုခ၊ ရွှေသွယ်ရင်၊ လုံးသွယ်မွှေး၊ ကောက်ညှင်း၊ ပုလဲသွယ်၊ ဆင်းသွယ်ရင်၊ IR747၊ ရက် ၉၀၊ ဗီယက်နမ်၊ ရွှေယဉ်အေး၊ ရွှေဝါထွန်း၊ တောင်ယာနှင့် အခြားမျိုးများစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ယင်းမာပင်ခရိုင်အတွင်း ကုလားပဲသီးနှံများ စိုက်ပျိုးလျက်ရှိ

**ယင်းမာပင် နိုဝင်ဘာ ၇**

ယင်းမာပင်ခရိုင်၌ နှစ်စဉ်ပဲမျိုးစုံဧက သုံးသိန်းကျော်စိုက်ပျိုးလျက်ရှိသည့်အနက် ကုလားပဲသီးနှံမှာ စိုက်ဧက ၁ ဒသမ ၃ သိန်းကျော်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိပြီး ခရိုင်အတွင်း ပဲမျိုးစုံ စုစုပေါင်း စိုက်ဧက၏ ၄၀ ရာခိုင်နှုန်းကျော်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ယခုနှစ်တွင် ကုလားပဲသီးနှံဧက ၁ ဒသမ ၃ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး ဧက ၆ ဒသမ ၅ သောင်းကျော် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ ကုလားပဲဖြူလုံးကြီး (V2, V3) မျိုးများနှင့် 929 မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး ယခုနှစ်ကုလားပဲမျိုးတစ်တင်းလျှင် ကျပ် ၆၅၀၀၀-၇၀၀၀၀ ကျော်ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း သိရသည်။ ထွန်စက်ခ၊ သွင်းအားစုဈေးနှုန်းများနှင့် အလုပ်သမားခ ဈေးနှုန်းများမြင့်တက်ခဲ့သည့်အတွက် တစ်ဧကခန့်မှန်းကုန်ကျစရိတ် ကျပ်သုံးသိန်းကျော်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ တစ်ဧကပုံမှန် ၁၅ တင်းဝန်းကျင်ခန့်ထွက်ရှိ၍ သီးနှံပေါ်ချိန်တွင် ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၆၅၀၀၀ နှင့် 929 တစ်တင်း ကျပ် ၆၀၀၀၀ ပေါက်ဈေး အသီးသီးဖြစ်ပေါ်လျက်ရှိပြီး တစ်ဧကလျှင် ကျပ် ၉၀၀၀၀၀ ရရှိမည်ဖြစ်ပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၆၀၀၀၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

## စစ်ကိုင်းခရိုင်၌ ဂျုံသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိနိုင်

**စစ်ကိုင်း နိုဝင်ဘာ ၇**

စစ်ကိုင်းခရိုင်အနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဂျုံစိုက်ဧက ၄၇၅၇၆ ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၉ တင်းခန့်ထွက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရန်လျာထားဧက ၄၇၆၀၁ ဧကဖြစ်ပြီး တိုးချဲ့စိုက်ပျိုးရန် ဧက ၁၇၅၀ လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။



ဂျုံသီးနှံစိုက်ပျိုးရာတွင် ထယ်ထိုးရခြင်း၊ ရေသွင်းရခြင်း၊ မြေဆီသုံးရခြင်း၊ မျိုးတစ်တင်း ၇၀၀၀၀ ဖြင့် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ အသုံးပြုရခြင်းများကြောင့် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ်လေးသိန်းခန့် ကုန်ကျနိုင်သည်။ တစ်ဧကလျှင် ခန့်မှန်း ၁၉ တင်းထွက်လျှင် လက်ရှိ ဂျုံဈေးတစ်တင်းလျှင် ပေါက်ဈေး ၆၀၀၀၀ ဖြင့်တွက်ပါက စုစုပေါင်းကျပ် ၁၁၄၀၀၀၀ ရရှိမည်ဖြစ်၍ တစ်ဧကစိုက်ပျိုးလျှင် အကျိုးအမြတ်အနေဖြင့် ကျပ်ခုနစ်သိန်းကျော် ရရှိနိုင်ကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

## ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့လဲမှို့

**မောင်တော နိုဝင်ဘာ ၇**

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်သို့ တင်ပို့နေသော ပို့ကုန်ပစ္စည်းများတွင် လဲမှို့သည်လည်း ပို့ကုန်အမယ်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် Mini Budget ခြောက်လတာကာလအတွင်း လဲမှို့တန်ချိန် ၈ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) လဲမှို့တန်ချိန် ငါးတန်သာတင်ပို့နိုင်ခဲ့သည်။ Mini Budget ကာလထက် တင်ပို့မှုအနည်းငယ် လျော့နည်းခဲ့ပြီး မြန်မာ့လဲမှို့များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဈေးကွက်တွင်ဝယ်လိုအားမြင့်မားသည့် ပို့ကုန်အမယ်တစ်မျိုးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စလင်းမြို့နယ်၌ ပန်းမုန်လာ(ခေါ်)ပန်းဂေါ်ဖီ စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ရရှိ

**စလင်း နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောင်သူများအနေဖြင့် နှစ်စဉ်ပန်းမုန်လာ သုံးဧကခန့် စိုက်ပျိုးပြီး မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများ အပါအဝင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ကျပ်ကိုးသိန်းကုန်ကျသည်ဟု သိရသည်။ ခူးဆွတ်ပြီးပန်းမုန်လာများကို အရွယ်အစားအလိုက် တစ်ထုပ်လျှင် ပျမ်းမျှတစ်ပိဿာခန့်ရှိပြီး တစ်ထုပ်လျှင် ကျပ် ၃၀၀-၅၀၀ နှုန်းခန့်ဖြင့် ရောင်းချရကာ ပွဲစားက ကျေးရွာသို့ လာရောက်ဝယ်ယူကြပြီး မြို့ပေါ်ပွဲရုံများနှင့် ကျောက်ပန်းတောင်း၊ ချောက်၊ မကွေး၊ မင်းဘူး၊ ပွင့်ဖြူမြို့တို့သို့လည်း တင်ပို့ရောင်းချရသဖြင့် တစ်ဧက ထွက်ကုန်ရောင်းချရငွေ ကျပ် ၁၇ သိန်းခန့် ပြန်လည်ရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ်ရှစ်သိန်းခန့်ရရှိကြောင်း သိရသည်။

**DOCA(မကွေး)**

### ၇-၁၁-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၃၅၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၃၅၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၄၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၅၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၅၃၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | | ၄၃၀၀ | ၂၀၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၅၅၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၃၅၀၀ | ၈၂၀၀ | ၁၈၀၀၀ | ၄၄၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၅၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၃၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၆၀၀ | ၂၃၀၀ | ၈၀၀ | ၆၇၀၀ | ၄၂၀၀ | ၄၅၀၀ | ၃၃၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၉၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၈၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | | ၉၅၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၇၀၀ | ၈၀၀ | ၅၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၆၇၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၅၀ | ၆၃၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၅၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၈၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၀၀(သစ်) | | ၁၃၅၀၀ | ၆၇၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၄၉၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၇၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |

မှတ်ချက်။
(၁) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မန္တလေးတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၉၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ် ဈေးကျခဲ့ပါသည်။

# နိုင်ငံတော်၏ကျေးဇူးသစ္စာကို ထာဝစဉ်စောင့်သိရိုသေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်

**ထားဝယ် နိုဝင်ဘာ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) ငါးနှစ် သင်တန်းအမှတ်စဉ် (၁၀)နှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့၏ (ပထမနှစ်၊ ဝိဇ္ဇာ/သိပ္ပံ) သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသားများ တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တိုင်းရင်းသားပေါင်းစုံ**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းရင်းသား ပေါင်းစုံ တက်ရောက်ရသော ကျောင်းတော်ကြီးများ ဖြစ်သည့်အတွက် သင်တန်းမှ စာပေပညာရပ်များကိုသာမက ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်များနှင့် ခေတ်နှင့်လျော်ညီသည့် အတတ်ပညာ ဘာသာရပ်များကိုပါ သင်ကြားမည် ဖြစ်သောကြောင့် သင်ကြားပေးသော ပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့် သင်ယူကြရန်၊ ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသော နေရာသက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သော အသိဉာဏ် ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသော နေရာဖြစ်ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်နှင့် စစ်ကိုင်းတို့ကို ပြည်ထောင်စုကြီး ဖွံ့ဖြိုး တိုးတက်လာစေရန်၊ တိုင်းရင်းသား လူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူပေးပြီး ပြည်ထောင်စုကြီးအဓွန့်ရှည်စေရန်၊တစ်နိုင်ငံလုံးအကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ထာဝစဉ် စောင့်သိရိုသေပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စု စိတ်ဓာတ်များ ရှင်သန်ထွန်းကား ပြန့်ပွားရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့က သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအား စုစုပေါင်း ငွေကျပ် ၂၆၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ



**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ နိုဝင်ဘာ ၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယမန်နေ့ညတွင် ရန်ကုန်မြို့နေ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မီးထွန်းပွဲနှင့်ဈေးရောင်းပွဲတော်သို့ ပြည်သူအများအပြား လာရောက်ကြပြီး မီးပုံးပျံလွှတ်တင်ခြင်း၊ အလှဆင်မီးများစွာဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ DJ များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို လူငယ်လူရွယ် အများအပြားက ကြည့်ရှုအားပေး၍ပျော်ရွှင်စွာဖြင့် အတူ လိုက်ပါသီဆို ကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့ပြင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်၊အသီးအနှံများ၊သုတ/ရသစာအုပ်များ ရောင်းချနေမှုကိုလည်း ဝယ်ယူအားပေးကြသော ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

မီးထွန်းပွဲနှင့် ဈေးရောင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လာရောက်ကြည့်ရှုပြီး ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြည်သူများနှင့်အတူ မီးပုံးပျံလွှတ်တင်ကြသည်။

အဆိုပါဈေးရောင်းပွဲတော်အား နံနက် ၇ နာရီမှ ည ၁၀ နာရီထိ လည်းကောင်း၊ စတိတ်ရှိုးတေးဂီတနှင့် (DJ) တင်ဆက်မှုများအား ညနေ ၅ နာရီမှ ည ၁၀ နာရီထိ လည်းကောင်းကျင်းပလျက်ရှိကြောင်းနှင့် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သော ယနေ့တွင် အလှူရှင်များက နံနက်၊ နေ့လယ်နှင့် ညပိုင်းများတွင် စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးကြောင်းနှင့် ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တွေခရိုင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**စစ်တွေ နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျရောက်သည့် (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က (၁၄)နှစ်မြောက်နှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ သွေးလှူဒါန်းခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအား ဌာနဝတ်စုံ၊ ဝတ်စုံချုပ်ခနှင့် ရှူးဖိနပ်များကို ထောက်ပံ့ပေးသည်။ ထို့နောက် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ကံစမ်းမဲများ ဖောက်ခြင်းကို ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် World One Health Congress 2022 နှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၇**

စင်ကာပူနိုင်ငံ၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် World One Health Congress 2022 နှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးများနှင့်တာဝန်ရှိသူများပါဝင်သော မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့သည် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်အမှတ် 8M 231 ဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ (၇)ကြိမ်မြောက် World One Health Congress 2022 ညီလာခံနှင့် တီမာဆက်ဖောင်ဒေးရှင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ဆေးပညာရပ်များ ညှိနှိုင်းဆွေးနွေးကြမည့်အပြင် နိုင်ငံတကာမှပညာရှင်များနှင့် ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်ရမည်ဖြစ်သဖြင့် မိမိနိုင်ငံ၏ ပြည်သူများအတွက် ကဏ္ဍစုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် များစွာ အထောက်အကူရနိုင်ပြီး အဆိုပါကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နေသူများကိုလည်း အတွေ့အကြုံကောင်းများ ပြန်လည်မျှဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့ရှိ သမိုင်းဝင်ဘုရားများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**စစ်ကိုင်း နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလပြည့်နေ့တွင် စစ်ကိုင်းမြို့ရှိ သမိုင်းဝင် ဘုရားများအနက် ကောင်းမှုတော်ဘုရားကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်ဘုရားကြီးသည် စစ်ကိုင်းမြို့၏မြောက်ဘက် ခြောက်မိုင်ခန့်အကွာ စစ်ကိုင်း–မုံရွာ–ရွှေဘိုသွား ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ဘုရားဖူးပြည်သူများ လွယ်ကူစွာ ဝင်ရောက်ဖူးမြော်နိုင်ကြသည်။

"ကျွန်မတို့က ကျောက်ပန်းတောင်းမြို့ကနေ စစ်ကိုင်းမြို့ရဲ့ ဘုရားတွေကို ဖူးမြော်နိုင်ဖို့ သူငယ်ချင်း မိသားစုဝင်တွေနဲ့အတူ လာရောက်ကြတာပါ။ စစ်ကိုင်းမြို့မှာရှိတဲ့ သမိုင်းဝင်ဘုရားတွေကို စုံလင်အောင် ဖူးမြော်သွားမှာပါ။ ဘုရားဖူးလာချင်နေတာ ကြာပါပြီ။ အရင်က ကိုဗစ်–၁၉ ရောဂါတွေနဲ့ဆိုတော့ မလာဖြစ်ခဲ့ကြဘူး။ အခုတော့ မိသားစုတွေရဲ့ ဆန္ဒတွေပြည့်ဝသွားပါပြီ" ဟု ဘုရားဖူးလာရောက်သူ မစန်းစန်းဝင်းက ပြောကြားသည်။

**ကောင်းမှုကုသိုလ်ပြုသူများဖြင့်စည်ကား**

အလားတူ တန်ဆောင်မုန်းလပြည့်နေ့တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်ဘုရား၊ ဥမင်သုံးဆယ်ဘုရား၊ ရှင်ဖြူရှင်လှ ဘုရားကြီးတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့်စည်ကားလျက်ရှိပြီး စတုဒိသာကျွေးမွေးသူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင် ခရိုင်(ပြန်/ဆက်)**





## ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီး၏ (၉၆၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်အထိမ်းအမှတ် ပင့်သံဃာ ၇၅၇ ပါးအား ဆွမ်းသပိတ်လုံးများ ဆက်ကပ်

**ညောင်ဦး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်ရှိ ရွှေစည်းခုံ စွယ်တော်မြတ်စေတီကြီး၏ (၉၆၃)ကြိမ်မြောက် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မြို့ပေါ်ရှိ ပင့်သံဃာ ၇၅၇ ပါးအား ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ကြီး၏ အင်္ဂါထောင့်မဏ္ဍပ်တွင် ကျင်းပသည်။

စေတီတော်ရင်ပြင်၌ ဆွမ်းသပိတ် လောင်းလှူပူဇော်ပွဲကိုကျင်းပရာ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာအလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၆၃)ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ပင့်သံဃာတော် ၇၅၇ ပါးအား ဆွမ်း၊ ဆေး၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။

ပုဂံခေတ် အနော်ရထာမင်းကြီး၏ ကောင်းမှုတော်ဖြင့် ကောဇာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သော ညောင်ဦးမြို့ ရွှေစည်းခုံ စွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် ကျင်းပလေ့ရှိရာ ယခုနှစ်တွင် (၉၆၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ရွှေစည်းခုံစွယ်တော်မြတ် စေတီတော်ကြီးဂေါပကအဖွဲ့မှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပင်းတယမြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ပင်းတယ နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၈၈၀ တွင် တည်ရှိပြီး ဓနုလူမျိုးအများစု နေထိုင်ကြကာ ရှမ်း၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ပလောင်၊ ဗမာ စသည်တို့ နေထိုင်ကြပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။

ပင်းတယမြို့နယ်သည် ရှေးဟောင်းဘုရားစေတီ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထွန်းကားရာဒေသဖြစ်ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များက စိတ်ဝင်တစား လာရောက်လည်ပတ်သည့်မြို့ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ပင်းတယမြို့၌ ဘုရားဖူးဧည့်သည်များ၊ အပန်းဖြေအနားယူ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**အောင်ကိုဦး (ပြန်/ဆက်)**



## တန်ဆောင်မုန်းလပြည့်နေ့တွင် သန်လျင်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**သန်လျင် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ရှိ ရှေးဟောင်းဘုရားပုထိုး စေတီများတွင် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက် စေတီတော်မြတ်ကြီးတွင် အာရုံခံ တန်ဆောင်းလေးသွယ်တို့၌ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းသူများ၊ ရွှေသင်္ကန်း ဆက်ကပ်သူများ၊ အလယ်ပစ္စယံတစ်လျှောက်တွင် စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။ **သန်းဝင်း(သန်လျင်)**

## တန်ဆောင်မုန်းလပြည့်နေ့တွင် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများ စည်ကားများပြား

**မုဒုံ နိုဝင်ဘာ ၇**

၂၀၂၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများတွင် ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် ထူးခြားသည့် လတစ်လဖြစ်ပြီး မြို့နယ်အတွင်း၌ မီးထွန်းပွဲတော်များ၊ ကထိန်သင်္ကန်းအလှူပွဲများ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲများနှင့် သာမညဖလအခါတော်နေ့ ပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း၊ မြို့နယ်အတွင်းရှိ ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်၊ ကျိုက်ကမော့လေးစေတီတော်၊ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီးတို့တွင် ဘုရားဖူးလာ ပြည်သူများသည် စေတီတော်ရင်ပြင် ဂြိုဟ်တိုင်များရှိ ဗုဒ္ဓရုပ်ပွားတော်များတွင် ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူခြင်းတို့ဖြင့် လာရောက် ကုသိုလ်ယူကြသည့်အပြင် စေတီတော်အတွင်းရှိ ဆရာတော်သံဃာတော်ကြီးများထံမှ သီလပေးတရားနာယူသူများ၊ ကန်ကြီးမင်္ဂလာကန်တော် ကန်ပတ်လမ်းတစ်လျှောက် လာရောက်လည်ပတ် အပန်းဖြေကြသူများ၊ ငါးအစာကျွေးသူများနှင့် စတုဒိသာကျွေးမွေး ဧည့်ခံခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**



# ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်များ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**ပခုက္ကူ နိုဝင်ဘာ ၇**

တန်ဆောင်မုန်းလပြည့်(သာမညဖလ အခါတော်နေ့)တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုး ကြီးဘုရား၊ စေတီတော်များ၌ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ် သီလဆောက်တည်သူများဖြင့် စည်ကား လျက်ရှိသည်။

**ဥပုသ်သီလ ဆောက်တည်**

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့် အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူ မြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်များ တည်ရှိရာမြို့လည်းဖြစ် သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံ ပြည်သူများအနေဖြင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့်နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့)ရောက်တိုင်း ဘုရား၊ စေတီ တော်မြတ်ကြီးများရှိဗုဒ္ဓရုပ်ပွား တော်များ အား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေး နံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဘုရား ဝန်းအတွင်း ရောင်းချသည့် စားစရာ မုန့်ပဲသရေစာများ ဝယ်ယူစားသောက် အပန်းဖြေခြင်းတို့ဖြင့် စည်ကားလျက်ရှိ ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ညမီးပုံးပျံများ ဝင်ရောက်ယှဉ်ပြိုင်

**ပြင်ဦးလွင် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက် ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ် ဘုရားကြီး)၏ (၁၆) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်၌ နိုဝင်ဘာ ၆ ရက် ညပိုင်းတွင် ညမီးပုံးပျံများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ ကြောင်း သိရသည်။

စိန်နားပန်မီးပုံးပျံများဖြစ်သည့် ဖွင့်ပွဲမီးပုံးပျံ၊ ပညာ့အလင်းမီး၊ မေတ္တာ ရောင်ခြည်မီး၊ သီရိအောင်မြေမီး၊ နဂါးမီး၊ မေတ္တာမီး၊ အေးချမ်းသာမီး၊ မုဒိတာမီး၊ ဇနက္ကမီး၊ မိုးကြိုးအင်အားမီး၊ ချမ်းမြေ့မီး၊ ဂရုဏာမီး၊ ပရဟိတမီး ၊ နန္ဒဝန်မီး၊ သစ္စာမီး ၊ ပြည်တော်ဝင်မီး၊ အောင်ပွဲမီးပုံးပျံစသည့် အလုံး ၁၇ လုံးနှင့် ညမီးကျည်မီးပုံးပျံများဖြစ်သည့် လောကပါလမီး၊ မြန်မာ့ရိုးရာမီး၊ မြို့ချစ်မီး၊ အေးချမ်းအောင်မြေမီး၊ ရှမ်းဓနုမီး၊ သစ္စာမီး၊ မြူခိုးမီး ၊ တောင်ပေါ်သားမီး၊ တိမ်ယံမီး၊ ပျော်ကြမယ်ဟေ့၊ ပန်းချစ်သူ၊ ရွှေပဒေသာမီး၊ ငြိမ်းချမ်းအောင်မီးနှင့် ရှမ်းတောင်သူမီး စသည့်မီးပုံးပျံ ၁၄ လုံး စုစုပေါင်း ၃၁ လုံးတို့ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ ကြသည်။

ယခုလို ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်၌ နှစ်စဉ်နှစ်တိုင်း ညမီးပုံးပျံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကြောင့် မီးပလုတ် တုတ်များချိတ်ဆွဲကာ စိန်နားပန်မီးပုံးပျံများလွှတ်တင်ခြင်းနှင့် မီးရှူး မီးပန်းများပစ်ဖောက်၍ လွှတ်တင်သော ညမီးကျည်မီးပုံးပျံများကို



မြင်တွေ့ရသဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးနှင့် ပွဲတော်လာပရိသတ် များအနေဖြင့်လည်း အလွန်ပင်ဝမ်းသာပီတိဖြစ်ရကြောင်း ပြိုင်ပွဲဝင် အသင်းခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**



# ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း နိုဝင်ဘာ ၇**

အလုပ်သမားညွှန်ကြားမှု ဦးစီး ဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ် ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေး လုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်း နယ်စပ်ဂိတ်မှ တစ်ဆင့် မြန်မာအလုပ်သမား ၄၅ ဦး ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွား ကြသည်။

မြန်မာအလုပ်သမား အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၂၁ ဦး စုစု ပေါင်း အလုပ်သမား ၄၅ ဦးသည် ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်း ခရီးဖြင့် ထိုင်းနိုင်ငံသို့ပို့ဆောင်ပေး မည်ဖြစ်ရာ သွားရောက် အလုပ် လုပ်ကိုင်မည့် မြန်မာအလုပ်သမား များအား ကော့သောင်းခရိုင် အလုပ် သမား ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန ကော့သောင်း ခရိုင်ရုံး၊ လူကုန်ကူးမှု တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိ အဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန် ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ် လုပ်ကိုင်မည့်ကုမ္ပဏီသို့စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သိရ သည်။

**ကျော်စိုး(ကော့သောင်း)**



# ဟိုပန်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဟိုပန် နိုဝင်ဘာ ၇**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ဟိုပန် တိုင်းရင်း သားရိုးရာယဉ်ကျေးမှုကွင်းရှိမြင်းပျံတောင်ကဇာတ်ရုံ ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဟိုပန်တန်ဆောင်တိုင်ပွဲတော်ကာလတွင် ပြည်သူ များ စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးအတွက် အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကွင်း၌ ရောင်စုံမီး အလှများထွန်း၍ တိုင်းရင်းသားရိုးရာ အကအလှ များ၊ တေးဂီတအစီအစဉ်များ၊ DJ ဖျော်ဖြေမှုများ ပါဝင်ပြီး နိုင်ငံကျော်အနုပညာရှင် အဆိုတော်များ က ခေတ်ပေါ်တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်ပေးလျက်ရှိသည်။

ဟိုပန် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် အနီးပတ်ဝန်းကျင်မြို့ များဖြစ်သည့် ကွမ်းလုံ၊ ချင်းရွှေဟော်ဒေသများမှ ပြည်သူများပါ ပျော်ရွှင်စွာ လာရောက်လည်ပတ်လျက် ရှိကြောင်းနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်မီးမျှောပွဲတော် ကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် အေးချမ်းပျော်ရွှင်စွာ စည်ကားလျက်ရှိသည့် အခြေအနေနှင့် ညနေပိုင်းတွင် တန်ဆောင်တိုင်ပွဲတော် မီးမျှောပွဲနှင့်အတူ ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ကမ်းနားလမ်းနှင့် ရုံးကြီးလမ်းထောင့် ဧရာဝတီမြစ်ကမ်းပါး၌ တန်ဆောင်တိုင်မီးမျှောပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မီးပုံးပျံများ လွှတ်တင်



သွားနိုင်ရေး၊ အများပြည်သူ ကုသိုလ်ကောင်းမှုပြုရာနေရာများနှင့် အပန်းဖြေရာနေရာများတွင် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုရေး အသင်းအဖွဲ့များစုဖွဲ့၍ စတုဒိသာကျွေးမွေးနိုင်ရေး စီမံဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ နိဗ္ဗာန်ဈေးတန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေမှုများ၊ တန်ဆောင်မုန်းလပြည့်နေ့ ကုသိုလ်ကောင်းမှုပြုသူများနှင့် စည်ကားနေမှုကို လှည့်လည် ကြည့်ရှုကြပြီး ဧရာဝတီမြစ်ဆိပ်၌ ညနေပိုင်းတွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ဖောင်တော်ရေမျှောပူဇော်ပွဲနှင့် ဖောင်တော်ကြီးနှင့်အတူ မီးမျှောပွဲ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည် များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ တန်ဆောင်မုန်းလပြည့်နေ့တွင် မြစ်ကြီးနားမြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် စေတီတော်၊ အံတော်ရှင်စေတီတော်၊ အောင်ဇေရန်အောင် ဗောဓိတစ်ထောင်စေတီတော်၊ မဇ္ဈိမလာဘ ထိုင်တော်မူဘုရားကြီး စသည့်ဘုရားစေတီပုထိုးများနှင့်ဘုန်းတော်ကြီးကျောင်းများတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဧည့်ခံကျွေးမွေးသူများဖြင့် အေးချမ်းပျော်ရွှင်စွာ စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မီးမျှောပွဲ၊ ရှင်ဥပဂုတ္တမထေရ်မြတ် ဖောင်တော်မျှောပွဲနှင့် ဘုရားစေတီများတွင် စတုဒိသာများဖြင့် ကုသိုလ်ပြုဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်ငူမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ဒုတိယအကြိမ် ဆေးပဒ္ဒါန်း ရွှတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ဒုတိယအကြိမ် ဆေးပဒ္ဒါန်းရွှတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ ကျင်းပရာ ရွှေဆံတော်မရမ်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

## လှူဒါန်း

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေဆံတော်မရမ်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား သင်္ကန်း၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေဆံတော်မရမ်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# တန်ဆောင်မုန်းလပြည့်တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးနှင့် အခြားဆင်ဖြူတော်များ၊ အဖော်ဆင်များအား အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကိုဖော်ညွှန်းပြသနေသည့် မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းပွဲတော်သည် မြန်မာတို့၏ အလှူသဒ္ဓါတရား ထက်သန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အထင်အရှား မြင်တွေ့ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် အောက်တိုဘာ ၁၀ ရက်က ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာပြုလုပ်ထားသည့် ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ် အပြည့်အစုံမှာ- တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဆင်ဖြူတော်လေး အပါအဝင် အခြား ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား သဒ္ဓါကြည်ဖြူစွာ အစာလာရောက် ကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ မသိုးသင်္ကန်တော်မြတ် ရက်ချုပ်ပြိုင်ပွဲဖွင့်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပ

ဇလွန် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ပြိုင်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲကို ယမန်နေ့ညနေ ၆ နာရီတွင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ အကျိုးတော်ဆောင်ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဆွေတို့က ဘုရားကြီးတွင် မသိုးသင်္ကန်းလှူဒါန်းခွင့်ရသည့်အလှူရှင်များ၊ သင်္ကန်းတော်ကို ရက်ချုပ်ပေးကြသော ရက်ကန်းအဖွဲ့ များ ၊ စက်ချုပ်အဖွဲ့ များ ၊ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးသောသူများသည် ရခဲလှသောအခွင့်အရေး၊ ဂုဏ်ယူစရာကောင်းသော အခွင့်အရေးများကို ရကြခြင်းဖြစ်ကြောင်း ၊ မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲသည် အမျိုးသားအမွေအနှစ်ဖြစ်သည့် ရက်ကန်းပညာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းရာရောက်သော ကုသိုလ်ပွဲ ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မသိုးသင်္ကန်းတော်မြတ်ရက်လုပ် အကဲဖြတ်ဒိုင်



အတွင်းရေးမှူး ဦးသန်းထွန်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ပြိုင်ပွဲ စတင်နိုင်ရန် အချက်ပေးခေါင်းလောင်း တီးခတ်ပေးခဲ့ရာ ကိန္နရီစင်တော် ၊ သဗ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊အမယာစင်တော်တို့မှ စတင်ရက်ချုပ်ပြိုင်ခဲ့ကြသည်။ ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးတွင် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ (ပြန် / ဆက်)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား / ကာသိပ္ပံနှင့် အား / ကာဦးစီးဌာနအသင်း အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာသိပ္ပံ အသင်းနှင့် အား/ကာဦးစီးဌာနအသင်းတို့ အနိုင်ရရှိခဲ့သည်။

ပထမနေ့တွင် အား/ကာသိပ္ပံအသင်းက တနင်္သာရီအသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ အား/ကာဦးစီးဌာနအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၈ မိနစ်တွင် မီမီဇင်၊ ၄၆၊ ၆၅ မိနစ်တွင် နန့်မေသဇင်၊ ၅၂၊ ၇၁၊ ၈၇ မိနစ်တွင် ခင်မာလာထွန်း၊ ၆၃၊ ၉၀+၂ မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ၇၈ မိနစ်တွင် ဟေမာန်စိုးနှင့် ၈၆ မိနစ်တွင် ယဉ်လွန်းအိမ်တို့က သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာမူ ၂၈ မိနစ်တွင် တနင်္သာရီအသင်းမှ နှင်းပွင့်အေးက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

အား/ကာဦးစီးဌာနအသင်းမှာမူ အာဇွန်သာ သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် YREO အသင်းကို အနိုင်ရခဲ့ခြင်း ဖြစ်သည်။ပွဲစဉ် (၉) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၈ ရက်တွင် သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော လူနာတင်ယာဉ်(Ambulance)များဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-7DMS/2022-2023(L) နှင့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါအမှတ်-8DMS/2022-2023(L)တို့အား တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၀-၁၁-၂၀၂၂)ရက်၊ ကြာသပတေးနေ့

တင်ဒါပိတ်မည့်ရက်နှင့် အချိန် - (၂၃-၁၁-၂၀၂၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၁၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### မြန်မာနိုင်ငံစာရင်းကောင်စီ
### အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာလက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရှိသူများ၊ သင်ရိုးညွှန်းတမ်း၊ ဖြေဆိုရမည့်နေရာ၊ အချိန်စာရင်း၊ လျှောက်လွှာတင်သွင်းရန် အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် - ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းနှင့် ဤရုံး၏ Website: **www. oagmac.gov.mm** တွင် ကြေညာထားပါမည်။

၃။ ဖုန်းနံပါတ် ၀၁- ၂၂၇၂၄၆၊ ၀၉- ၇၅၈၃၈၃၁၅၉ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**





### ○ ချန်ပီယံလိဂ်မှ

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းကတော့ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး စပါးအသင်းကတော့ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက ဒေါ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အခြားသော ချန်ပီယံလိဂ် (၁၆)သင်းအဆင့်ပွဲစဉ်တွေမှာတော့ ကလပ်ဘရုဂျ်နဲ့ ဘင်ဖီကာ၊ ဖရန့်ဖက်နဲ့ နာပိုလီ၊ အင်တာမီလန်နဲ့ ပေါ်တိုအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး (၁၆)သင်းအဆင့်ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၄၊ ၁၅၊ ၂၁ နဲ့ ၂၂ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်တွေကို မတ် ၇၊ ၈၊ ၁၄ နဲ့ ၁၅ ရက်တို့တွင် လည်းကောင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

ယနေ့တွင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်မဲခွဲမှုအပြင် ချန်ပီယံလိဂ်အုပ်စုအဆင့် တတိယနေရာကအသင်းတွေနဲ့ ယူရိုပါလိဂ်အုပ်စုအဆင့် ဒုတိယနေရာကအသင်းတွေ ယှဉ်ပြိုင်ကစားရမယ့် ယူရိုပါလိဂ်(၁၆)သင်းအဆင့်အတွက် ရှုံး/ထွက်ပွဲစဉ်တွေ မဲခွဲဆုံးဖြတ်ခဲ့ရာမှာတော့ ဘာစီလိုနာအသင်းက မန်ယူအသင်းနဲ့ထိပ်တိုက်တွေ့ဆုံနေပြီး ဂျူဗင်တပ်အသင်းက နန့်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာ စပို့တင်းလစ္စဘွန်းနဲ့ မစ်ဂျီလန်း၊ ရှက်တာဒိုးနက်စ်ခ်နဲ့ ရင်းနက်စ်၊ အေဂျက်နဲ့ ယူနီယံဘာလင်၊ လေဗာကူဆင်နဲ့ မိုနာကို၊ ဆီဗီလာနဲ့ ပီအက်စ်ဗွီ၊ ဆဲလ်ဘတ်နဲ့ ရိုးမားတို့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ အဲဒီရှုံးထွက်ပွဲစဉ်တွေအတွက် ပထမအကျော့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင်လည်းကောင်း ကျင်းပသွားမှာဖြစ်ပါတယ်။ **ငွေကြယ်**


### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၁)တွင် သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်(၁၀)ဦး အတွက် ရွေးချယ်ထားသည့် အောက်ပါပြဋ္ဌာန်း တေးသီချင်း(၁၀)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ဇန္နဝါရီအလှဆုံး | ကချင်ပြည်နယ် | (၁၁-၁၁-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၁) |
| ၂ | မြန်မာ့ကြွေးကြော်သံ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၃ | ငြိမ်းချမ်းရေးပန်းခင်း | ကရင်ပြည်နယ် | |
| ၄ | ဥမကွဲသိုက်မပျက် | ကချင်ပြည်နယ် | |
| ၅ | သားချင်းများဆုံတွေ့သောအခါ | ရန်ကုန်တိုင်းဒေသကြီး | |
| ၆ | မြန်မာတို့မြေ မြန်မာပြည် | ချင်းပြည်နယ် | |
| ၇ | လွတ်လပ်တဲ့မြန်မာပြည် | ပဲခူးတိုင်းဒေသကြီး | |
| ၈ | မိုးသားကင်းစင်ရောင်ခြည်မြင် | ဧရာဝတီတိုင်းဒေသကြီး | |
| ၉ | တို့မွေးမြေ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၀ | သည်တစ်ခေတ်တွင် | နေပြည်တော် | |


## MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း နိုင်ပွဲယူပြီး ဒုတိယနေရာရရှိ

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂)မှ ရွှေ့ဆိုင်းထားသော ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းပွဲကို နိုဝင်ဘာ ၇ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းက ရတနာပုံအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယနေရာရရှိခဲ့သည်။

ရန်ကုန်အသင်းသည် ယခုပွဲ အနိုင်ရခဲ့သဖြင့် လက်ကျန်တစ်ပွဲအလိုတွင် ဒုတိယနေရာရရန် သေချာသွားခဲ့ပြီး လာမည့်ရာသီ AFC Cup ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲ အရေးနိမ့်ခဲ့သဖြင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။


ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန်အသင်းသည် ရတနာပုံကို ပထမပိုင်းမှာပင် နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပြီး လေးဂိုးပြတ်သွင်းယူပြီးမှ ချေပဂိုးနှစ်ဂိုး ပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၁၇၊ ၄၄ မိနစ်တွင် ဂျူနီယာ၊ ၅၅ မိနစ်တွင် ဒေးဗစ်ထန်နှင့် ၇၅ မိနစ်တွင် စအောင်ပြည့်ကိုတို့က သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးများကို ၈၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရဲရင့်အောင်နှင့် ဒုတိယဂိုးမှာမူ ၈၇ မိနစ်တွင် ရန်ကုန်နောက်ခံလူ သူရိန်စိုးကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၇ ပွဲကစား ၃၈ မှတ်၊ ရတနာပုံအသင်းက ၁၇ ပွဲကစား ၂၅ မှတ်ရရှိထားသည်။ ပွဲစဉ်(၁၂) တတိယနေ့အဖြစ် နိုဝင်ဘာ ၈ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

## ဆောင်းမြေပဲနုတ်သိမ်းချိန်ဖြစ်၍ တောင်သူများ၊ နေ့စားလုပ်သားများ ဝင်ငွေရ

**ရမည်းသင်း နိုဝင်ဘာ ၇**

ယခုလရာသီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ ဆောင်းမြေပဲ နုတ်သိမ်းချိန်ဖြစ်၍ မြေပဲစိုက်တောင်သူများ ဝင်ငွေရသကဲ့သို့ နေ့စားအလုပ်သမားများလည်း ပဲနုတ်၊ ပဲဆွတ်လိုက်၍ ဝင်ငွေရကြသည်။

ယာခင်းရှင်များမှာ စိုက်ပျိုးထားသော မြေကေပေါ်မူတည်၍ မြေပဲနုတ်ရန်အတွက် နေ့စားလုပ်သားများ ငှားကြရသည်။ နေ့စားလုပ်သားတစ်ဦးလျှင် နေကုန် ငွေကျပ် ၆၀၀၀ ပေးရပြီး ထမင်းနှစ်နပ်ကျွေး နံနက်စာ + နေ့လယ်စာ ကျွေးရသည်။ ထို့အပြင် နုတ်သိမ်းပြီးမြေပဲများကို အတောင့်နှင့်အပင် သီးခြားဖြစ်အောင်လည်း ပဲဆွတ်သူများ ငှားကြရသည်။ ပဲဆွတ်ခအဖြစ် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ ပေးရသည်။ ပဲဆွတ်သူတစ်ဦးလျှင် တစ်နေ့ သုံးတင်းမှလေးတင်းခန့် ပြီးစီးနိုင်၍ ဝင်ငွေသင့်ကြသည်။ ပဲနုတ်ခ၊ ပဲဆွတ်ခများမှာ လုပ်သားများ ရှားပါးမှုအပေါ် မူတည်၍ ဒေသတစ်နေရာနှင့်တစ်နေရာ မတူညီပေ။

ရမည်းသင်းမြို့နယ်အတွင်း၌ စိုက်ပျိုးတောင်သူများမှာ မြေပဲကို နေကြာကဲ့သို့ပင် စားသုံးဆီအတွက်သာ အဓိကထားစိုက်ပျိုးကြပြီး ပိုလျှံမှသာ ရောင်းချကြသည်။

"အခုနှစ်ဆောင်းမြေပဲ ထွက်နှုန်းသင့်ပါတယ်။ နောက်ပိုင်း မြေပဲနုတ်ပြီးရင်တော့ မြေအစိုဓာတ်အပေါ်မူတည်ပြီး နေကြာစိုက်မယ်။ မြေအစိုဓာတ်နည်းရင်တော့ ပြောင်း(နှံစား) စိုက်မယ်လို့ စီစဉ်ထားတယ်"ဟု ရမည်းသင်းမြို့နယ် ပုတီးကုန်းရွာနေ စိုက်ပျိုးရေးတောင်သူတစ်ဦးက ပြောသည်။



**လှိုင်သန်းတင့်(ရမည်းသင်း)**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
## (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၆၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| (ဂ) | ယာဉ်မောင်း-၅ (အမျိုးသား) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့်၊ ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်။ |
| (ဃ) | ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ |
| (င) | အစောင့် (အမျိုးသား) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (စ) | သန့်ရှင်းရေးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (ဆ) | လုပ်သား (ထမင်းချက်) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၆ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (ဇ) | လုပ်သား (ရင်ခွဲရုံလုပ်သား) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အထက်အပိုဒ် (၁) ပါ သတ်မှတ် ပညာအရည်အချင်းပြည့်မီသူဖြစ်ရမည်။

(ဃ) အမှတ်စဉ် (က)နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက်မကျော်စေရ။ ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) နှစ်ထက်မကျော်စေရ၊ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(င) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကျော်စေရ။

(စ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၄၅) နှစ်ထက်မကျော်စေရ။

(ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပါရမည်။

၃။ လျှောက်လွှာပုံစံအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများ၊ မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် ပညာရေးအထောက်အထား မိတ္တူနှင့် အမှတ်စဉ် (ဂ) လျှောက်ထားသူများသည် ယာဉ်မောင်း လိုင်စင် (ခ) မိတ္တူ

(ဃ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် အခြေခံမူလတန်းအဆင့်ပညာရေး အထောက်အထား မိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဆ) ပြင်ပပုဂ္ဂိုလ် ဖြစ်ပါက အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) အမှတ်စဉ် (ဂ)၊(ဃ) လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅)ထက် မကျော်လွန်ရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ထောက်ခံချက်မူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဈ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ / မရှိနှင့် ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့် အကြောင်းအရာ၊ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ

(ည) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဋ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲတင်ပြရမည်။

(ဌ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ဍ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၅။ အမှတ်စဉ် (က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတဘာသာရပ်/ အင်္ဂလိပ်စာဘာသာရပ် ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့)၊ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် အမှတ်စဉ် (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် လူတွေ့ နှုတ်ဖြေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများတွင် ဖြေဆိုရမည်။ ဖြေဆိုမည့်နေ့ရက်အား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ကြေညာပေးမည်။ ဝန်ကြီးဌာန၏ Website (https://www.mol.gov.mm) တွင်ဖော်ပြထားပါသည်။

၆။ ဝန်ထမ်းသစ်လျှောက်လွှာများအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင်ရယူနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၇။ အသေးစိတ် သိရှိလိုပါက ပြည်နယ်/ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် နေပြည်တော် ကောင်စီ၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၁၇၉၀၃၊ ၀၆၇-၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဏုမြူစွမ်းအင်ဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် သုတေသနလက်ထောက်(၂) (လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)၊ စက်မှုကျွမ်းကျင်(၂)(လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)၊ စာရင်းကိုင်(၂)(လစာနှုန်းကျပ်၂၁၆၀၀၀- ၂၀၀၀-၂၂၆၀၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် ဖော်ပြပါ ရာထူးနေရာများ၌ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | သုတေသနလက်ထောက်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်း ပြည့်မီသူ (Nuclear Physics/ Physics/ Chemistry/Biochemistry/ Microbiology) (သို့မဟုတ်) အင်ဂျင်နီယာဘွဲ့(B.E)(Nuclear Technology/ Chemical) | ၁၅ |
| (ခ) | စက်မှုကျွမ်းကျင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | သိပ္ပံဘွဲ့တစ်ခုခု (Nuclear Physics/ Physics/ Chemistry/ Biochemistry/ Microbiology) (သို့မဟုတ်) အင်ဂျင်နီယာ ဒီပလိုမာ(A.G.T.I) | ၅ |
| (ဂ) | စာရင်းကိုင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခု | ၂ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၁-၂၀၂၃)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၂)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။)

(ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

(ဃ) ခန့်ထားမည့်ရာထူးအားလုံးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင်သူ ဦးစားပေး ရွေးချယ်မည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာလျှောက်ထားရမည်။

(ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါကအနည်းဆုံး(၃)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-

(က) လျှောက်ထားသည့်ရာထူးအမည်၊

(ခ) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဂ) မွေးသက္ကရာဇ်နှင့်အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊

(စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊

(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊

(ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊

(ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊

(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၁ လက်မ x ၁ လက်မ) (၃)ပုံ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူမှန်)

(ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူမှန်) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း) (တစ်လအတွင်းရရှိသည့်)

(စ) အိမ်ထောင်စုစာရင်းမိတ္တူမှန်

(ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကတ်မိတ္တူမှန်

(ဇ) ဝန်ထမ်းမဟုတ်ပါက (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ သို့မဟုတ် အဏုမြူစွမ်းအင်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း (၁၆-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) အဏုမြူစွမ်းအင်ဦးစီးဌာနသို့ လိပ်မူ၍ (၁၆-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် ရာထူးများအားလုံးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၂-၂၀၂၂) ရက်နေ့နှင့် (၂၁-၁၂-၂၀၂၂)ရက်နေ့တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊Website-www.daemyanmar.com တွင်လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၁၉-၁၂-၂၀၂၂)ရက်နေ့တွင် အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်နှင့် အဏုမြူစွမ်းအင်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရာထူးအားလုံးအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းနှင့် လူတွေ့နှင့်ကျွမ်းကျင်မှုစစ်ဆေးခြင်းကို ဖြေဆိုရမည့်နေရာနှင့် အချိန်စာရင်းကို ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူသည့်နေ့တွင် အသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို ရုံးအမှတ်(၂၁)၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန (နေပြည်တော်) တယ်လီဖုန်းနံပါတ်- ၀၆၇-၃၄၀၄၀၁၆ နှင့် အဏုမြူစွမ်းအင်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ တယ်လီဖုန်း နံပါတ်- ၀၁-၉၅၄၆၂၆၁တို့တွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ပူတာအို၊ လွိုင်ကော်၊ မော်လမြိုင်၊ သံတွဲ၊ ရွှေပြည်သာ၊ အင်းစိန်၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်)နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၂၅) ကျောင်းတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲ များပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည် ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ[အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၃)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ[အပိုဒ်(၁)ပါ ကျောင်းပေါင်း (၁၉)၊ ပူတာအို၊ သံတွဲ၊ တောင်ငူ၊ ထားဝယ်၊ သန်လျင်နှင့် ဂျပန်- မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ[အပိုဒ်(၁)ပါကျောင်းပေါင်း(၂၄)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဃ) စက်မှုအင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၄)၊ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(င) သုတနည်းပညာ[အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ အင်းစိန်၊ ကန့်ဘလူ)]

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ [အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်)]

(ဆ) စက်မှုလယ်ယာနည်းပညာ[အစိုးရစက်မှုလက်မှုသိပ္ပံ(ဝါးခယ်မ၊ ကျိုက်လတ်)]

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ[အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)]

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက BE နှင့် B.Tech သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၅-၁၁-၂၀၂၂ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၂ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများနေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

**ဒေါ်သီ**အမည်ပေါက်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃-ဒီ)၊ မြေကွက်အမှတ် (၂၂၈)၊ အကျယ်အဝန်း (၂၈ • ၉ ပေ × ပေ ၆၀) ရှိ **မြေကွက်**နှင့် အဆိုပါမြေကွက်ပေါ်၌တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်းလမ်း၊ အမှတ် (၅၈) ဟုခေါ်တွင်သော **နှစ်ထပ်နေအိမ်**အပါအဝင် အမွေရှင်အဖွား**ဒေါ်သီ**ကွယ်လွန်သည့် (၂၅-၈-၁၉၉၃) နေ့နောက်ပိုင်းမှ ယနေ့ထိ အမှတ် (၅၈)၊ မြေညီထပ် (ဝဲ) နေအိမ်မှရရှိသော**ငှားရမ်းခငွေများ**မှာ ကျွန်ုပ်၏မိတ်ဆွေ **ဦးတင်လှိုင်** (၁၂/မဂတ (နိုင်) ၀၇၀၈၀၉) နှင့် **ဦးကျော်မျိုးဦး** (၁၂/ အလန (နိုင်) ၀၃၉၆၅၇) တို့အပြင် မောင်နှမများအားလုံး ပူးတွဲအမွေဆက်ခံပိုင်ဆိုင်သောအမွေပစ္စည်းများပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်လှိုင်၊ ဦးကျော်မျိုးဦးနှင့် မောင်နှမများ၏သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါအမွေပစ္စည်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အဆောက်အဦအသစ်ဆောက်လုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးတင်လှိုင်နှင့် ဦးကျော်မျိုးဦးတို့၏လွှဲအပ်ချက်အရ -

**ဦးနေဝင်းအောင်** (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
**Al-Mezan (Law Firm)**
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09 786 786 053

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေး ပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် တပ်မတော်နှင့်အတူ ပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုဖြစ် ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့် လူမျိုး၏အကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၇

(၇၅)နှစ်မြောက် စိန်ရတုထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်ခိုးရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း(၇၅)နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

## ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် လီဗာပူးနှင့် လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်တို့ ထိပ်တိုက်တွေ့ဆုံ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ လီဗာပူးအသင်းက လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။




ချန်ပီယံလိဂ်ဖလား (၁၄)ကြိမ် ဆွတ်ခူးထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ လီဗာပူးအသင်းကို ပွဲကစားချိန် ၅၉ မိနစ်မှာ ရရှိခဲ့တဲ့ ဗီနီစီးယပ်ဂျူနီယာရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားရရှိခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ○**

**ယနေ့ ဖတ်စရာ**

**ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်ပထမ ၁၀ လအတွင်း သစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းဆိုင်ရာ ပြည်ပပို့ကုန်တန်ဖိုး ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာ**

စာမျက်နှာ » ၁၃

**မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပြည်သူဗဟိုပြုစနစ်ဖြင့် လည်ပတ်စီးဆင်းမှု**

ဆောင်းပါး စာမျက်နှာ » ၁၈

**သမိုင်းကောင်းသူဖြစ်ချင်သလား**

စာမျက်နှာ » ၂၁